# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၃၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၇)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ ၀၉-၄၃၀၆၇၁၆၈၊ ၀၉၄၄၃၁၉၀၁၉၃ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐



ယမန်နှစ်က ကျင်းပခဲ့သည့် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

တောင်ကြီး နိုဝင်ဘာ ၁

၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး မီးပုံးပျံညမီးကြီးယမ်းမီး ၂၆ လုံး၊ စိန်နားပန်မီးပုံးပျံ ၂၄ လုံး စုစုပေါင်းအလုံးရေ ၅၀၊ နေ့လွှတ်ခြေနှစ်ချောင်း ၁၄၇ လုံး၊ ခြေလေးချောင်း ၃၈ လုံး၊ အရုပ်အုပ်စု ၂၃ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် မီးပုံးပျံဝါသနာရှင်များ လာရောက်ကြည့်ရှုလည်ပတ်နိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ယနေ့ ဖတ် စ ရာ**

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(၄၇)ပါး စုံညီ အဌာရသမအစည်းအဝေး ကျင်းပမည်** ပြည်တွင်းသတင်း စာ ၄

**အစ္စရေး - ဟစ်ဇ်ဘိုလာ ပဋိပက္ခကြောင့် လက်ဘနွန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာ အကျပ်အတည်းနှင့်ရင်ဆိုင်နေရ** နိုင်ငံတကာသတင်း စာ ၁၃

**တဖြည်းဖြည်းနီးကပ်လာပြီဖြစ်တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲ**



နိုင်ငံတကာရေးရာ စာ ၁၄

**ရေဘေးသင့် ကျွန်းဦးခေတ်မီစံပြကျေးရွာမှ သမဝါယမအသင်း အသေးစားအကြွေးဖိုလုပ်ငန်းများ ပြန်လည်နိုးထခြင်း . . .** ဆောင်းပါး စာ ၁၆

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၁**

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးနိုင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းနှင့် ဦးထွန်းအုံတို့က ဦးဆောင်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်နှင့် ယနေ့အထိ ဆီထွက်သီးနှံများစိုက်ပျိုးပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ချက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စာရင်းကောက်ယူရရှိသည့် တစ်နှစ်ကုန်ကြမ်းလိုအပ်ချက်အပေါ် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ဒေသအလိုက် လအလိုက် ကုန်ကြမ်းပံ့ပိုးနိုင်မည့်အခြေအနေ၊



“ရာဂီ” တိုင်ဖွန်းမုန်တိုင်းကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သီးနှံများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*✻ ရွှေဖုံးမှ*

အဆိုပါ တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် မြို့လုံးကျွတ်ဘုံကထိန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)ကို နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး



အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မကြာမီကျင်းပမည့် တန်ဆောင်တိုင်ပွဲတော်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ အမြန်ဆုံးဖြတ်ဆောင်ရွက်ပေးကြရန်နှင့် ပွဲတော်ကျင်းပဆောင်ရွက်နိုင်ရေးကိုလည်း တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့်လုပ်ငန်းကော်မတီများဖြစ်သော ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေး၊ မှတ်တမ်းတင်ရေး၊ ဖိတ်ကြားရေး ကြိုဆိုနေရာချထားရေးနှင့် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲကျင်းပရေးကော်မတီ၊ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ဆက်ကပ်ရေး၊ ဆုချီးမြှင့်ရေးနှင့် ဆွမ်းဆက်ကပ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ပွဲနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီတို့မှ တင်ပြဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ တင်ပြဆွေးနွေးမှုအပေါ် လိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး အထွေထွေဆွေးနွေးကြကာ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အင်းစိန် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းတွင် လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက အလက(၄) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အမှာစကားပြောကြား၍ သတင်းစာဆရာအသင်းနှင့် စာပေဥယျာဉ်အသင်း ဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီး) က စာကြည့်တိုက်များ၏ ဂုဏ်ကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော်  နိုဝင်ဘာ ၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃၊ ၄၊ ၅၊ ၆)ရက်၊(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တန်ဆောင်မုန်းလပြည့်ကျော် (၇၊ ၈)ရက်၊(နိုဝင်ဘာလ ၂၂၊ ၂၃ ရက်) သောကြာ၊ စနေနေ့များတွင် အဋ္ဌာရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊(နိုဝင်ဘာ ၁၇ ရက်)၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ဖွင့်ပွဲအခမ်းအနားနှင့်စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော်လေးပါး၊စာထောက်စာမဆရာတော်အပါး၁၆၀၊အာဂုံပြန်စာရင်းသွင်းသံဃာအပါး ၂၇၀၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၃၈ ပါး စုစုပေါင်း ၆၈၉ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ ကျင်းပမည်

**နေပြည်တော်  နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက် (သောကြာနေ့)မှ ဒီဇင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည် ဖြစ်သည်။

**ဖြေဆိုနိုင်**

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

**သုံးဆင့်လုံး နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိ**

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အာလူးမျိုးများကို မျိုးပွားစမ်းသပ်ထုတ်လုပ်ပြီး ဒေသခံတောင်သူများသို့ ၂၀၂၅ ခုနှစ် မေလတွင် စတင်ဖြန့်ဝေစိုက်ပျိုးစေမည်

**နေပြည်တော်  နိုဝင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ရှိ နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ဆောင်ရွက်နေသော တစ်သျှူးကာချာ မျိုးပွားခြံသို့ သွားရောက်၍ အဆင့်(၂)သို့ ရောက်ရှိနေပြီဖြစ်သော နယ်သာလန် Markies မျိုး ၄၈ ရက်သား အာလူး တစ်သျှူးကာချာစိုက်ခင်းကို ကြည့်ရှုလေ့လာသည်။



အဆိုပါ အာလူးမျိုးများကို လုပ်ငန်းစဉ်အတိုင်း အဆင့်(၃) အထိ ဆက်လက်မျိုးပွားစမ်းသပ်ထုတ်လုပ်ပြီး ဒေသခံတောင်သူများသို့ ၂၀၂၅ ခုနှစ် မေလတွင် စတင်ဖြန့်ဝေစိုက်ပျိုးစေမည် ဖြစ်သည်။ အဆိုပါမျိုးပွားခြံတွင် နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လက်ဆောင်ရရှိခဲ့သော အာလူးမျိုးကိုလည်း တစ်သျှူးကာချာနည်းဖြင့် မျိုးပွားထုတ်လုပ်လျက်ရှိရာ ယခုအခါ အဆင့်(၁) အောင်မြင်သွားပြီဖြစ်၍ ရိတ်သိမ်းပြီး အဆင့်(၂)သို့ မြေချစိုက်ပျိုးနိုင်ရေးအတွက် အအေးခန်းတွင် ရက်ပေါင်း ၁၂၀ သိုလှောင်သိမ်းဆည်းထားလျက်ရှိသည်။

ထိုမှတစ်ဆင့် ပင်လောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ မိုးလုံလေလုံအားကစားခန်းမသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးဘော်လီဘောအသင်းမှ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများ၊ အသင်းနည်းပြများ၊ အုပ်ချုပ်သူများကို ထောက်ပံ့ငွေများ၊ အင်အားဖြည့်အစားအစာနှင့် အချိုရည်များ ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ တန်ဖိုးမြင့်ထုတ်ကုန်နည်းပညာများ ပံ့ပိုးပေးထားသော ထူးခြားသဘာဝဒေသထွက်ကုန် လက်ဖက်စို ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရွှေရွက်စိမ်းလက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ) အဆိုပါ လုပ်ငန်းရှင်များအတွက် လုပ်ငန်းသုံးပစ္စည်းများဖြစ်သော လက်ဖက်စိုလှိမ့်စက်နှင့် အိတ်ပိတ်စက်များကို အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကူညီပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ငပုတောမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးနှင့် လူနေအိမ်များတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကွင်းဆင်းဆောင်ရွက်

**ငပုတော နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးသည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲလင်းထွန်း၊ အဖွဲ့ဝင်(၂) ဦးသန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့များက ငပုတောမြို့မဈေးနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ လူနေအိမ်များအတွင်း မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အတွက် လျှပ်စစ်မီးသွယ်တန်းသုံးစွဲနေမှုအခြေအနေများ၊ မီးငြိမ်းသတ်ရေးပစ္စည်းနှင့် မီးသတ်ဆေးဘူးများ ထားရှိဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေး

**အထက်မင်းလှ  နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို အောက်တိုဘာ ၃၀ ရက်က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးရာအောက်တိုဘာ ၃၀ ရက်က ကျန်းမာရေးလာရောက်စစ်ဆေးသူ ၁၃ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲတက်ရောက်

**ထားဝယ် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က ထားဝယ် မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေထားဝယ်ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက စိစစ်ရွေးချယ် အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြည်သူများ မှန်ကန်သည့်အသိဉာဏ် ဗဟုသုတများ တိုးပွားစေရန်အတွက် စာဖတ်ကြရန်၊ စာဖတ်နိုင်သောပတ်ဝန်းကျင်ကောင်းများ ဖန်တီးကြရန် နိုင်ငံတော်က အစဉ်အမြဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏အနာဂတ်ကို အသိပညာပြည့်ဝသည့် လူငယ်များနှင့်တည်ဆောက်ကြမည်ဆိုပါက ကမ္ဘာ့အလယ်၌ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်ရုံ၊အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးတာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အနာဂတ်တွင်နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုး တိုးတက်လာစေရန်၊စာပေဖတ်ရှုသည့်အလေ့အထ များဖြစ်ပေါ်လာစေရန်၊ အသိဉာဏ်ပညာများကို အရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည့် အချက်များနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စာပေဆွေးနွေးပေးသော ကျောင်းသားကျောင်းသူ လေးဦး၊ စေတနာထက်သန်ကာ ကြိုးစားတက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးသော တာဝန်ရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ စကားရည်လုပြိုင်ပွဲတွင် အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ကျပန်းစကားပြော၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်း၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အလှူရှင်များမှ လှူဒါန်းငွေကျပ် လေးသိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့် အလတ်စားမိရိုးဖလာရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေးအာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Phase II) စီမံကိန်းအပြီးသတ်အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၁**

ပဲခူးမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း၌ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့် အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးအာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Phase II) စီမံကိန်းအပြီးသတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့် အလတ်စား မိရိုးဖလာရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးအာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Phase II) အရ ၂၀၂၂ ခုနှစ် နိုဝင်ဘာမှ ၂၀၂၄ ခုနှစ် အောက်တိုဘာအထိ သင်တန်းများပို့ချပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်း၊ နမူနာကောက်ယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး တရုတ်ပညာရှင် နှစ်ဦး ၄ားရမ်း၍ Online မှ နည်းပညာများရယူဆောင်ရွက်နိုင်ခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီး၏ ရေထွက်ကုန်ပစ္စည်းလုပ်ငန်းရှင်များအတွက် အလွန်အကျိုးကျေးဇူးရရှိခဲ့ကြောင်း၊ ယင်းစီမံကိန်းကြောင့် တိုင်းဒေသကြီးအတွင်း ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိရေကျို၊ ငါးပိထောင်းများသည် စားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်နေသည့် လုပ်ငန်းများဖြစ်ကြောင်း သက်သေပြသခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား အဆင့်မြှင့်ထုပ်ပိုးမှုစနစ် ပြောင်းလဲလိုက်ပါက ထုတ်ကုန်အရည်အသွေး တိုးတက်လာပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်လာနိုင်သဖြင့် ကြိုးစားပြောင်းလဲ ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းမှလည်း အရည်အသွေး အာမခံပေးထားသည့် ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ တင်ပို့မည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် စီမံကိန်းမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ သင်တန်းမှ ရရှိသည့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို မိမိလုပ်ငန်းခွင်တွင် ရေရှည်အသုံးချသွားရန်နှင့် မိမိတို့လုပ်ငန်းများ တိုးတက်ရေး၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေး ကြိုးစားထုတ်လုပ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံ၊ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်း ဆောင်ရွက်ချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစားနှင့် အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သော လုပ်ငန်းရှင်တစ်ဦးက စီမံကိန်းကြောင့် ရေထွက်ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစွာဖြင့် အရည်အသွေးမြှင့် ထုတ်လုပ်နိုင်ခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဒေသထွက် ရေထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံနှင့် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရသဝေါ်အင်း ကန်ပတ်လမ်းသစ်ဖွင့် ကန်၏သဘာဝအလှများကိုကြည့်ရှုခံစား အပန်းဖြေနိုင်သည့်နေရာတစ်ခုဖြစ်လာပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်

**ဘားအံ နိုဝင်ဘာ ၁**

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု ရသဝေါ်အင်း ကန်ပတ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက အဆိုပါ ကန်ပတ်လမ်းသစ် မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ကန်ပတ်လမ်းသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကန်ရေပြင်၏ သဘာဝအလှအပများကို ကြည့်ရှုခံစားပြီး သန့်ရှင်းလတ်ဆတ်သည့် သဘာဝလေကို ရှူရှိုက်အပန်းဖြေနိုင်သည့် ကောင်းမွန်သော အပန်းဖြေနေရာတစ်ခု ဖြစ်စေရေးအတွက် ကန်ပတ်ဝန်းကျင် သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့သည့် နေရာတစ်ခုဖြစ်စေရေး ပေါင်းစပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကန်ပတ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များက ခွင့်ပြုရန်ပုံငွေကျပ် ၃၂၆ သန်းဖြင့် Box Culvert ရှစ်စင်း ပါဝင်သော ကန်ပတ်လမ်းအရှည် ၁ မိုင် ၄ ဖာလုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကန်ပတ်လမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။(**အပေါ်ပုံ**)



ယခုကဲ့သို့ ရသဝေါ်အင်း ကန်ပတ်လမ်းသစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ စိုက်ပျိုးတောင်သူများအတွက် ထုတ်ကုန်များ သယ်ယူရာတွင် လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ဒေသခံနှင့်ခရီးသွားပြည်သူများအနေဖြင့် ရသဝေါကန်၏ သဘာဝအလှများကို ကြည့်ရှုခံစား အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်လာပြီး ဒေသထုတ်ကုန်များ ရောင်းဝယ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက်လည်း များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဘားအံ) ရောဂါဗေဒဌာန၌ (၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို တက်ရောက်ကြပြီး ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းရန်လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးမှုများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ သွေးလှူဒါန်း ပေးနေမှုများကို ကြည့်ရှုအားပေးကာ အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်၍ သွေးလှူဘဏ်အတွင်း သွေးများစနစ်တကျ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယနေ့ သွေးလှူဒါန်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးသန့် ၁၃ လုံးကို လှူဒါန်းကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး ပျဉ်းမနားမြို့နယ်အတွင်း ပြည်သူအကျိုးပြု လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



**ပျဉ်းမနား နိုဝင်ဘာလ ၁**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ပျဉ်းမနား မြို့နယ်အတွင်းရှိ ရေဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်များအတွက် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကျွန်းဦးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းရှိ ရေဝင်ရောက်မှုကြောင့် အလုံးစုံပျက်စီးခဲ့သည့် နေအိမ် ၁၇လုံးအတွက် ကျေးလက်လက်အိမ်ရာ (၂၀ ပေ x ၂၀ ပေ x ၁၆ ပေ) တည်ဆောက်နေသည့် လုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကျေးလက်အိမ်ရာ တည်ဆောက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ရာဂီမုန်းတိုင်း အရှိန်ကြောင့် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် စနစ်တကျရှိပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေးထား ဆောင်ရွက်ရန်နှင့် တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မဟာအောင်မြေမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မဟာအောင်မြေ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် မဟာအောင်မြေမြို့နယ် မြို့နယ်၊ ရပ်ကွက်များရှိ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၏ ရောဂါပျိုးချိန်သည် နာရီပိုင်းမှ ငါးရက်အထိ ကြာမြင့်နိုင်သဖြင့် သောက်သုံးရေ စဉ်ဆက်မပြတ် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ၁၀ ရက်ဆောင်ရွက်မှသာ ရောဂါကူးစက်မှု ပြတ်တောက်နိုင်မည်ဖြစ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၏ ဦးဆောင်ပါဝင်မှုဖြင့် နီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဆေးဖျန်းပေးခြင်း၊ ရေသန့်ဆေးပြားခတ်ခြင်းကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်ကို နိုဝင်ဘာ ၁ ရက်မှစ၍ မဟာနွယ်စဉ်ရပ်ကွက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ စိန်ပန်းရပ်ကွက်၊ ဟေမမာလာတောင်ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မဟာအောင်မြေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အောင်ဇော်မင်း




## နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့အား တွေ့ဆုံအားပေး

**ပုသိမ် နိုဝင်ဘာ ၁**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သွားရောက်တွေ့ဆုံအားပေး စကားများ ပြောကြားသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းသို့ သွားရောက်၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် ပြေးခုန်ပစ်အဖွဲ့၊ ဖူဆယ်(အမျိုးသမီး)၊ ဘီလီယက်၊ ခရစ်ကက်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် ဘောလုံး အားကစားအဖွဲ့အား သွားရောက်ကြည့်ရှုအားပေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် နည်းပြများက ပြေးခုန်ပစ်အဖွဲ့၏ စံချိန်ရလဒ်များနှင့် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုများကို ရှင်းလင်းတင်ပြပြီး



တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြေးခုန်ပစ်အဖွဲ့အနေဖြင့် စံချိန်ကောင်းများရရှိအောင် ကြိုးစားလေ့ကျင့်ရန်လိုကြောင်းနှင့် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီးမှ ယခင်တင်ထားသည့် စံချိန်ကို ချိုးနိုင်အောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ အားကစားနည်းများအလိုက် အောင်မြင်မှုရရှိရန် ပြိုင်ပွဲဝင်များအနေဖြင့် နည်းပြများ၏ သင်ကြားပြသမှုများကို အလေးထားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးကို ဂရုပြုနေထိုင်ရန်နှင့် ကျန်းမာရေးအတွက် အထောက်အကူပြုမည့် စားသောက်ဖွယ်ရာများကိုလည်း သင့်တင့်မျှတစွာ စားသုံးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အချိန်ကာလအားဖြင့် အမျိုးသားအားကစားပွဲတော် ကျင်းပရန် နီးကပ်လာပြီဖြစ်ပြီး စုဖွဲ့မှုကောင်းကောင်းဖြင့် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)သို့ သွားရောက်၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် ရေကူးအားကစားအဖွဲ့အား သွားရောက် ကြည့်ရှုအားပေးသည်။ ယင်းနောက် ကိုးသိန်း အားကစားကွင်း အားကစားသမားများ ထမင်းစားဆောင်၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား နေ့စဉ်ကျွေးမွေးသည့် စားသောက်ဖွယ်ရာ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ အားကစားသမားများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**မယ်ဒလင်(အတီး)**

မယ်ဒလင် အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနန်းသူဇာ "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပတ္တလား(အတီး)**

ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မနန့်ကေသီ "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဂီတာ(အတီး)**

ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မထက်လင်းရွှေဟို "ဖူးပွေ့လက်တင်"(ဘောလယ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒိုးပတ်(အတီး)**

ဒိုးပတ်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော(အတီး)**

တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မဇင်မင်းမင်းအေး "နန်းဘုံသီဟာဘွေ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဂီတာ(အတီး)**

ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းအောင် "ခန်းတွင်းရိပ်သာ"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပလွေ(အတီး)**

ပလွေအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်စုံ "ယမုံနာ"(ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




### ပတ္တလား(အတီး)

ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းဖိုလ် "ခိုင်ပန်းစုံ" (ထပ်တွန့် ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




### နှဲ(အတီး)

နှဲအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




### တယော(အတီး)

တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်စိုးသူ "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




### ဂီတာ(အတီး)

ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




### မယ်ဒလင်(အတီး)

မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ ဦးစည်သူဟိန်း "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




### ပတ္တလား(အတီး)


ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ကျော်ကျော်လင်း (ခ) ပတ္တမြားကုလား "ရှိရှိဆိုင်းဆိုင်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# မြန်မာနိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုခြေရာများ

ဒေါက်တာမေခင်ချော (မိုး/ဇလ)

**ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားရလျက်ရှိရာ အခြားသော နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုသည် ယခင်ကထက် ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားလာသည်သာမက အဖျက်စွမ်းအားသည်လည်း ပိုမိုပြင်းထန်လာသည်ကို တွေ့ရှိရပါသည်။**

၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း (World Risk Index – 2023) အရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း ၃၆ ဒသမ ၂၆ ရှိပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အဆင့် ခြောက်နေရာတွင် ရှိနေကြောင်း ဖော်ပြထားပါသည်။ (source: https://weltrisikobericht.de/wpcontent/uploads/2024/01/WorldRiskReport_2023_english_online.pdf) ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုသာမက လူသားတို့၏ လူမှုရေးနှင့် စီးပွားရေးကိုပါ သိသိသာသာ သက်ရောက်မှုရှိစေပါသည်။




ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုခေတ်မတိုင်မီ ကာလထက် ပိုမိုမြင့်တက်လာပုံ။




မြန်မာနိုင်ငံ၏ နှစ်အလိုက် ပျမ်းမျှအမြင့်ဆုံး အပူချိန် (ဒီဂရီဆဲလ်စီးယပ်) (၁၉၈၁-၂၀၂၃)

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများအပေါ်တွင် မှီခိုနေရသောကြောင့် ၎င်းတို့၏ စားဝတ်နေရေး ဖူလုံကြွယ်ဝမှုသည် သင့်တင့်မျှတသော ရာသီဥတုအခြေအနေပေါ်တွင် များစွာမူတည်လျက်ရှိပါသည်။ တစ်နည်းဆိုရသော် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များနှင့် သဘာဝဘေးဒဏ်များသည် မြန်မာ့စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ထိခိုက်လွယ်ပြီး သက်ရောက်မှုများစွာ ရှိစေပါသည်။

ဖန်လုံအိမ်အာနိသင်သည် နေ၏အပူကို စုပ်ယူထိန်းညှိပေးကာ မြေကြီးပေါ်ရှိ အပူချိန်ကို သက်သောင့်သက်သာဖြစ်စေသောကြောင့် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအတွက် အကျိုးပြုသော သဘာဝဖြစ်စဉ် တစ်ခုဖြစ်သည်။ သို့သော် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ မွေးမြူရေး၊ မော်တော်ကားများနှင့် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုစသည့် လူသားတို့၏ လုပ်ဆောင်ချက်များမှ ဖန်လုံအိမ်ဓာတ်ငွေ့များ အလွန်အကျွံ ထုတ်လွှတ်သည့် အကျိုးဆက်အနေဖြင့် လေထုထဲတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ပမာဏအဆမတန် တိုးလာစေပြီး ကမ္ဘာကြီးကို ပူနွေးလာစေကာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကို ဦးတည်လာခဲ့ပါသည်။ မုတ်သုံရပ်ဝန်းတွင် တည်ရှိနေသော မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို သိသာထင်ရှားစွာ ခံစားနေရသည်ဖြစ်ရာ အနောက်တောင်မုတ်သုံလေဆိုင်ရာ ပြောင်းလဲမှုများ၊ နွေကာလ စံချိန်တင်အပူချိန်မြင့်တက်လာမှုများ၊ မိုးရွာသွန်းမှု ပုံစံပြောင်းလဲမှုများ၊ မုန်တိုင်းကြီးများဝင်ရောက်မှုများ စသည်တို့မှာ ထင်ရှားသည့် ရာသီဥတုပြောင်းလဲမှု၏ ခြေရာများပင်ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်၏ နွေကာလ မတ်လနှင့် ဧပြီလ နှစ်လအတွင်း မြန်မာနိုင်ငံ၌ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းကို ၃၅ ကြိမ်တိတိ တိုင်းတာရရှိခဲ့ပြီး ၎င်းတို့အနက် ဧပြီလ ၂၈ ရက်နေ့တွင် တိုင်းတာရရှိခဲ့သော ချောက်မြို့၏ အပူချိန်စံချိန်သစ်ဖြစ်သည့် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်းဖြစ်ခဲ့။ အယ်လ်ဒိုရာဒို ရာသီဥတုနှင့် မိုးလေဝသစင်တာမှ တစ်ကမ္ဘာလုံးရှိ မြို့ကြီးများအနက် အပူချိန်အမြင့်ဆုံး ၁၅ မြို့၏ အမြင့်ဆုံးအပူချိန်များကို နေ့စဉ်ဖော်ပြပေးခဲ့ရာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ညောင်ဦးမြို့တို့သည် ၂၀၂၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ကမ္ဘာ့အပူချိန်အမြင့်ဆုံး ၁၅ မြို့တွင် ပါဝင်ခဲ့သည်ကို တွေ့ရှိရ**



Inle Lake in Myanmar dried up due to sever drought

အပူချိန်မြင့်မားလာမှုနှင့် မိုးခေါင်မှုတို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် အင်းလေးကန်ရေခန်းခြောက်မှု ဖြစ်ပွားခဲ့ပုံ။



အပူချိန်မြင့်မားလာမှုနှင့် မိုးခေါင်မှုတို့ကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ ကျေးလက်နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပွားခဲ့ပုံ။

**မြန်မာ့သမိုင်းတွင် ကြုံတွေ့ခံစားခဲ့ရသော ရာသီဥတုပြောင်းလဲမှုခြေရာများ**

**(က)အမြင့်ဆုံးအပူချိန်များ ပြောင်းလဲလာခြင်း**

ယခုအခါ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုထွန်းကားသည့်ကာလ (၁၈၅၀-၁၉၀၀) ၏ ပျမ်းမျှအပူချိန်နှင့် နှိုင်းယှဉ်ကြည့်ပါက ၁ ဒသမ ၄၅ ဒီဂရီဆဲလ်စီးယပ်အထက် ပိုမိုမြင့်တက်နေလျက်ရှိပြီး ၂၀၂၃ ခုနှစ်သည် ကမ္ဘာ့အပူဆုံး နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၏ အမြင့်ဆုံးအပူချိန်သည် (၁၉၈၁-၂၀၁၀) ကာလ၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ဖြစ်သော ၃၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်ထက် ၁ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် ပိုမိုမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ အပူဆုံးလများဖြစ်သည့် မတ်လနှင့် ဧပြီလတို့တွင် ထိုလများ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်ခန့် ပိုမိုမြင့်တက်နေရာ ကျန်းမာရေးဆိုင်ရာ ပြဿနာများအပြင် သောက်သုံးရေ ရှားပါးသည့်ပြဿနာများကို မိုးခေါင်ဒေသများ၌သာမက မြေလတ်ဒေသများတွင်ပါ ခံစားနေကြရပါသည်။

၂၀၂၄ ခုနှစ်၏ နွေကာလ မတ်လနှင့် ဧပြီလ နှစ်လအတွင်း မြန်မာနိုင်ငံ၌ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းကို ၃၅ ကြိမ်တိတိ တိုင်းတာရရှိခဲ့ပြီး ၎င်းတို့အနက် ဧပြီလ ၂၈ ရက်နေ့တွင် တိုင်းတာရရှိခဲ့သော ချောက်မြို့၏ အပူချိန်စံချိန်သစ်ဖြစ်သည့် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်သည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်းဖြစ်ခဲ့ပါသည်။ ထို့အပြင် အယ်လ်ဒိုရာဒို ရာသီဥတုနှင့် မိုးလေဝသစင်တာမှ တစ်ကမ္ဘာလုံးရှိ မြို့ကြီးများအနက် အပူချိန်အမြင့်ဆုံး ၁၅ မြို့၏ အမြင့်ဆုံး အပူချိန်များကို နေ့စဉ်ဖော်ပြပေးခဲ့ရာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ညောင်ဦးမြို့တို့သည် ၂၀၂၄ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ကမ္ဘာ့အပူချိန်အမြင့်ဆုံး ၁၅ မြို့တွင် ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ (source: https:// www. eldoradoweather.com/climate/world-extremes/world-temp-rainfall-extremes.php)

**(ခ) အနောက်တောင် မုတ်သုံရာသီ ပြောင်းလဲလာခြင်း**

မြန်မာနိုင်ငံသည် မုတ်သုံရာသီ စက်ဝန်းအတွင်း တည်ရှိနေသော နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အနောက်တောင်မုတ်သုံရာသီ ပြောင်းလဲမှုသည် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို များစွာ သက်ရောက်မှုရှိပါသည်။ ဇယား (၁) တွင် ဖော်ပြထားသည့်အတိုင်း ၁၉၆၁-၁၉၉၀ နှစ် ၃၀ ကာလအပိုင်းအခြားနှင့် နှိုင်းယှဉ်ပါက ၁၉၉၁-၂၀၂၀ ကာလအပိုင်းအခြားတွင် ရက်သတ္တပတ် သုံးပတ်တာခန့် တိုတောင်းလာမှုသည် မုတ်သုံမိုးကို မှီခိုအားထားရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအခက်တွေ့စေခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

သို့ဖြစ်ရာ ပြောင်းလဲလာသည့် မုတ်သုံကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးလာရခြင်းများ ရှိသလို သက်တမ်းတိုမျိုးစိတ်များအား ပြောင်းလဲစိုက်ပျိုးလာကြရသည်။ အခြားတစ်ဖက်တွင်လည်း မုတ်သုံအဝင်နောက်ကျလာခြင်းသည် နွေကာလ ရက်ရှည်လာခြင်းဖြစ်ရာ အပူချိန်မြင့်မားသောရက်များကို တာရှည်စေပါသည်။

**(ဂ) မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်း**

မြန်မာနိုင်ငံအတွင်း မိုးရွာသွန်းမှုပုံစံကိုလေ့လာကြည့်ပါက တစ်နှစ်တာပျမ်းမျှမိုးရွာသွန်းမှု ပမာဏ သိသိသာသာတိုးလာခြင်း၊ လျော့နည်းသွားခြင်းမျိုးမရှိဘဲ တစ်နှစ်တာ ရွာသွန်းမြဲ မိုးရေချိန်ကို ပြည့်မီစွာ ရွာသွန်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ရွာရမည့်အချိန်မဟုတ်ဘဲ အချိန်အခါမဟုတ်ရွာသွန်းခြင်း၊ တစ်နှစ်တာကာလအတွင်း ပျံ့နှံ့စွာဖြင့် ပုံမှန်ရွာသွန်းခြင်းမဟုတ်ဘဲ အချိန်တိုအတွင်း ပြင်းထန်စွာ ရွာသွန်းခြင်းအစရှိသည့် မူမမှန်သော မိုးရွာသွန်းမှုမုန်တိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းကာ နိုင်ငံအနှံ့ရှိ မြစ်များ၊ ချောင်းများတွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ ကျယ်ပြန့်ပြင်းထန်သော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ရေကြီးမှုကြောင့် သက်ရှိလူ၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးရသည်သာမက လမ်းများ၊ တံတားများ၊ အိမ်များ၊ လယ်ကွင်းများနှင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရသည်။

ထို့အပြင် မိုးသည်းထန်၍ ရေတိုက်စားမှုများကြောင့် အချို့တောင်တန်းကုန်းမြင့်ဒေသများတွင် မြေပြိုမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ရွာသွန်းခဲ့သော မိုးရေချိန် ၇ ဒသမ ၈၇ လက်မသည် ပဲခူးမြို့အတွက် လွန်ခဲ့သော ၅၉ နှစ်အတွင်း စံချိန်တင် မိုးရေချိန် ဖြစ်သည်။ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ရေခံကောင်းခြင်း၊ မြစ်အထက်ပိုင်းနှင့်မြစ်ဝှမ်းအတွင်း မိုးပျံ့နှံ့စွာနှင့် သည်းထန်စွာ ရွာသွန်းခြင်း၊ ပင်လယ်

ဇယား (၁)


နှစ်(၃၀)ကာလအပိုင်းအခြားအလိုက် မုတ်သုံ၏ ဝိသေသလက္ခဏာများ ပြောင်းလဲလာပုံ

| မုတ်သုံ၏ ဝိသေသလက္ခဏာများ | ကာလအပိုင်းအခြား | |
|---|---|---|
| | ၁၉၆၁-၁၉၉၀ | ၁၉၉၁-၂၀၂၀ |
| တစ်နိုင်ငံလုံးသို့ အနောက်တောင် မုတ်သုံလေ ဝင်ရောက်သည့်ရက် | ဇွန်လ (၁)ရက် | ဇွန်လ (၇)ရက် |
| တစ်နိုင်ငံလုံးမှ အနောက်တောင် မုတ်သုံလေ ဆုတ်ခွာသည့်ရက် | အောက်တိုဘာလ (၂၂)ရက် | အောက်တိုဘာလ (၃)ရက် |
| မုတ်သုံကာလ | (၁၄၄) ရက် | (၁၂၁) ရက် |

ပုံစံများကို နှစ်စဉ် ကြုံတွေ့လာရပါသည်။

အဆိုပါ အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ၏ ဖြစ်ပွားသည့် အကြိမ်အရေအတွက် များပြားလာသကဲ့သို့ ပိုမိုပြင်းထန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် နောက်ဆက်တွဲ ဖြစ်စဉ်များဖြစ်သည့် လျှပ်တစ်ပြက်ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများကိုလည်း မကြာခဏ ကြုံတွေ့လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်တစ်ခုသည် မြန်မာနိုင်ငံ မောင်တောမြို့အနီးမှ ကုန်းတွင်းသို့ဖြတ်ကျော်ဝင်ရောက်ခဲ့ရာမှ တစ်ဆင့် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တောင်ကျချောင်းရေများ အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းခဲ့၍ ပခုက္ကူမြို့နယ်အတွင်း လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကာ ရွှေချောင်းတံတား ပျက်စီးခြင်း၊ လူ ၁၀၆ ဦး သေဆုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်နောက်ပိုင်းကာလများတွင် မုတ်သုံလေအားကောင်းမှုကြောင့်လည်းကောင်း၊ အားပြင်းဒီရေမြင့်တက်ချိန်နှင့် တိုက်ဆိုင်ခြင်းစသည်တို့ကြောင့် အခြားနှစ်များထက် အခြေအနေပိုဆိုးခဲ့ကာ ပဲခူးမြို့တွင် နှစ်ပေါင်း ၅၈ နှစ်အတွင်း အမြင့်ဆုံးမြစ်ရေမှတ် ၁၀၀၄ စင်တီမီတာဖြင့် စံချိန်တင်မြစ်ရေကြီးခဲ့ပါသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် အပူချိန်မြင့်တက်မှု၊ မိုးခေါင်မှုကြောင့် အင်းလေးကန်တစ်ခုလုံး ရေများ ခန်းခြောက်သွားသည်အထိ




မြန်မာနိုင်ငံ၏ နှစ်အလိုက်ရွာသွန်းခဲ့သော ပျမ်းမျှ မိုးရေချိန် (မီလီမီတာ) (၁၉၈၁-၂၀၂၃ ခုနှစ်) ပြပုံ။

ရာသီဥတုဖောက်ပြန်ခဲ့ပြီး တစ်ဖန်ယခုနှစ် ၂၀၂၄ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အင်းလေးကန်အတွင်း ရေများ အဆမတန်စီးဝင်ကာ ရေကြီးရေလျှံမှု ဖြစ်ပွားပြီး အင်းလေးကန်ပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ မြန်မာ့ရိုးရာရက်ကန်းစင်များ ရေနစ်မြုပ်ခဲ့ရပါသည်။ ထိုသို့ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များ နှစ်စဉ်ကြုံတွေ့ခံစားရနေသည်မှာ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးပြယုဂ်များပင် ဖြစ်ပါသည်။


မကြာသေးမီက ဖိလစ်ပိုင်ပင်လယ်ပြင်မှ စတင်အစပျိုးခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်ကို ဖြတ်သန်းခဲ့သော စူပါတိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အကြွင်းအကျန်တိမ်တိုက်များသည် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ ကုန်းတွင်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးနောက် လေပွေလှိုင်းအဖြစ် မြန်မာနိုင်ငံသို့တိုင်ရောက်ရှိခဲ့ကာ အဖျက်စွမ်းအား အလွန်ပြင်းထန်ခဲ့ပါသည်။ ယင်းတိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ စသည့် နိုင်ငံပေါင်း ကိုးနိုင်ငံတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရကာ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ သေကျေပျက်စီးဆုံးရှုံးခဲ့ရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**စူပါတိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အကြွင်းအကျန်တိမ်တိုက်များသည် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ ကုန်းတွင်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးနောက် လေပွေလှိုင်းအဖြစ် မြန်မာနိုင်ငံသို့တိုင်ရောက်ရှိခဲ့ကာ အဖျက်စွမ်းအား အလွန်ပြင်းထန်ခဲ့။ ယင်းတိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ စသည့် နိုင်ငံပေါင်း ကိုးနိုင်ငံတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရကာ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ သေကျေပျက်စီး ဆုံးရှုံးခဲ့ရ**



၂၀၂၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် မိုးရေချိန် ၇ ဒသမ ၈၇ လက်မရွာသွန်းခဲ့ခြင်းနှင့် ဒီရေတိုးဝင်ခြင်းတို့ကြောင့် ပဲခူးမြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပုံ။




၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် မုန်တိုင်းငယ်တစ်ခု မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ရာမှတစ်ဆင့် တောင်ကျချောင်းရေများကြောင့် ပခုက္ကူမြို့နယ်အတွင်း လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပုံ။




၂၀၁၅ ခုနှစ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်တန်းဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ်တွင် မြေပြိုမှုများဖြစ်ပွားခဲ့ပုံ။



၂၀၁၈ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများနှင့် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ မြေပြိုမှု ဖြစ်ပွားခဲ့ပုံ။

# ကယားပြည်နယ်ဝန်ကြီးချုပ် လှိုင်ကော်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လှိုင်ကော် နိုဝင်ဘာ ၁**

လှိုင်ကော်မြို့ နောင်ယား(က) နှင့် ဒေါဥခူရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာများ ပြင်ဆင်နေမှုများ၊ ဒေါနိုးကူးရပ်ကွက်နှင့် နမ့်ကွတ်ရပ်ကွက်အတွင်း ရေပြန်လည်ကျဆင်းချိန် ကျန်ရှိသော အနိမ့်ပိုင်းနေရာများတွင် ရေစုပ်ထုတ်ခြင်း၊ ရေဖောက်ထုတ်ခြင်း ဆောင်ရွက်မှုအခြေအနေများကို အောက်တိုဘာ ၃၁ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် နောင်ယား(က) ရပ်ကွက် စုပေါင်းဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် နေရာချထားပေးနိုင်ရေး အိမ်ရာပြုပြင်ခြင်း အချောသပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အိမ်ရာလုံခြုံရေး အုတ်တံတိုင်း ခြံစည်းရိုး တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒေါဥခူရပ်ကွက် စုပေါင်းဝန်ထမ်းအိမ်ရာသို့ရောက်ရှိကာ လေးခန်းတွဲ နှစ်ထပ်အိမ်ရာ အမှတ် ၇၊ ၈ နှင့် လေးခန်းတွဲ ငါးထပ် အိမ်ရာအမှတ် ၃ တို့ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်နှင့် ထပ်မံပြုပြင်မည့် လေးခန်းတွဲ ငါးထပ်အိမ်ရာ အမှတ် ၄ ပြုပြင်ခြင်းကို ဝန်ထမ်းများ ပြန်လည်နေရာချထားနိုင်ရေး ဆက်လက်ပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် လှိုင်ကော်လေဆိပ်သို့ ရောက်ရှိကာ လေဆိပ်နှင့်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လေယာဉ်ပြေးလမ်းဘေး ဝဲ/ယာတစ်လျှောက် ချုံနွယ်၊ မြက်များ ရှင်းလင်းနိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဝန်ထမ်းအိမ်ရာတွင် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ကွင်းဆင်းကြည့်ရှု**

ဆက်လက်၍ ဒေါနိုးကူးရပ်ကွက်အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် အနိမ့်ပိုင်းနေရာများတွင် ကျန်ရှိနေသည့် ရေများအား ရေစုပ်စက်များဖြင့် စုပ်ထုတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ကျန်ရှိရေများ အမြန်ကင်းစင်ရေးနှင့် ကျန်းမာရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် နမ့်ကွတ်ရပ်ကွက်သို့ ရေဝင်ရောက်ခဲ့မှုကြောင့် အနိမ့်ပိုင်းနေရာများတွင် ကျန်ရှိနေသောရေများကို စက်ယန္တရားများဖြင့် ရေဖောက်ထုတ်ခြင်းနှင့် စက်များဖြင့် စုပ်ထုတ်ခြင်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အရည်အသွေးအာမခံပေးထားသည့်ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ တင်ပို့မည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်

ပဲခူး နိုဝင်ဘာ ၁

**ပဲခူးမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့် အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေး အာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Phase II) အပြီးသတ်အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က ကျင်းပသည်။**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့် အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ၏ အရည်အသွေး အာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Phase II)အရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ သင်တန်းများပို့ချပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်း၊ နမူနာကောက်ယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး တရုတ်ပညာရှင်နှစ်ဦး ငှားရမ်း၍ Online မှ နည်းပညာများ ရယူဆောင်ရွက်နိုင်ခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီး၏ ရေထွက်ကုန်ပစ္စည်း လုပ်ငန်းရှင်များအတွက် အလွန်အကျိုးကျေးဇူးရရှိခဲ့ကြောင်း၊ ယင်း စီမံကိန်းကြောင့် တိုင်းဒေသကြီးအတွင်း ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိရေကျို၊ ငါးပိထောင်းများသည် စားသုံးသူများအတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်နေသည့် လုပ်ငန်းများဖြစ်ကြောင်း သက်သေပြသခွင့်ရရှိပြီးဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အဆင့်မြင့်ထုပ်ပိုးမှုစနစ် ပြောင်းလဲလိုက်ပါက ထုတ်ကုန်အရည်အသွေးတိုးတက်လာပြီး တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်လာနိုင်သဖြင့် ကြိုးစားပြောင်းလဲဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းမှ အရည်အသွေးအာမခံပေးထားသည့် ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ တင်ပို့မည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် စီမံကိန်းမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ သင်တန်းမှရရှိသည့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို မိမိလုပ်ငန်းခွင်တွင် ရေရှည်အသုံးချသွားရန်နှင့် မိမိတို့လုပ်ငန်းများ တိုးတက်ရေး၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေး ကြိုးစားထုတ်လုပ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်း Video Clip ကို ကြည့်ရှုခဲ့ကြပြီး အသေးစားနှင့် အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းရှင်တစ်ဦးက စီမံကိန်းကြောင့် ရေထွက်ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစွာ အရည်အသွေးမြှင့် ထုတ်လုပ်နိုင်ခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကာ တက်ရောက်လာကြသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဒေးဒရဲမြို့ရှိ ကျေးရွာချင်းဆက်လမ်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်

**ဒေးဒရဲ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေး ရည်ရွယ်၍ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကြာကရက်– တမော့ကြီး– မဲဇလီ – ဒေါင့်ကြီး ကျေးရွာချင်းဆက် မြေသားလမ်းနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဆင– တညင်ကုန်း – သဲကုန်း – ကုန်းတန်း ကလေး ကျေးရွာချင်းဆက် လမ်းများ အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးကြသည်။

**အချိန်မီပြီးစီးရေး ဆောင်ရွက်**

အောက်တိုဘာ ၃၁ ရက်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ ဖျာပုံခရိုင်လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သိဒ္ဓိအောင်

# အစ္စရေး - ဟစ်ဇ်ဘိုလာ ပဋိပက္ခကြောင့် လက်ဘနွန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာအကျပ်အတည်းနှင့်ရင်ဆိုင်နေရ

ဘေရွတ် နိုဝင်ဘာ ၁

**လက်ဘနွန်နိုင်ငံတောင်ပိုင်း ဟစ်ဇ်ဘိုလာတို့ ထိန်းချုပ်ထားသည့်နယ်မြေများ၌ အစ္စရေးတို့က ပြင်းထန်သည့်ထိုးစစ်ပြုလုပ်လာသည်မှာ နိုဝင်ဘာ ၁ ရက်တွင် တစ်လတိတိ ရှိခဲ့ပြီဖြစ်သည်။**




အစ္စရေးတို့ဘက်မှ ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် သေကျေပျက်စီးသူဦးရေ တိုးလာပြီး လက်ဘနွန်ဆေးဘက်ဆိုင်ရာ စနစ်တွင်လည်း အကျပ်အတည်းများနှင့် ရင်ဆိုင်လာရသည်။ ဘေရွတ်မြို့၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပိတ်ထားရသည့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများမှ လူနာများကို အစိုးရဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ရသည်။ လူနာများထပ်မံလက်ခံရန် အခက်တွေ့လာပြီဟု အဆိုပါအစိုးရဆေးရုံက ပြောသည်။

လက်ဘနွန်နိုင်ငံ၌ ဆရာဝန်နှင့် သူနာပြုအများအပြားမှာ အကျပ်အတည်းများကြောင့် ၂၀၂၀ ပြည့်နှစ်က နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့ကြသည်။ အချို့မှာနိုင်ငံအတွင်းသို့ ပြန်လာကြသော်လည်း အစိုးရဆေးရုံကြီးများ၌ သူနာပြုများပြတ်လပ်မှုနှင့်ရင်ဆိုင်နေရသည်။ ဆေးရုံများ၌ မနိုင်ဝန်ထမ်းလာရပြီး ဖိအားများအောက် ရောက်ရှိနေသည်ဟု ဆရာဝန်တစ်ဦးက ပြောသည်။

အချို့သောလူနာများမှာ ၎င်းတို့လိုအပ်သည့် ကုသမှုများကို မရရှိကြကြောင်း၊ အသက်နှစ်လအရွယ်ကလေးမှာ ဖျားနာမှုကြောင့် ဆေးရုံတက်နေရသော်လည်း မည်သည့်ကုသမှုမှ ခံယူရခြင်းမရှိသေးကြောင်း ၎င်း၏ဖခင်က ပြောသည်။ ဖခင်ဖြစ်သူမှာလည်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာရသူဖြစ်သည်။ အဆိုပါအမျိုးသားမှာ ခိုလှုံရာနေရာ၌ ကူညီရေးအဖွဲ့အစည်းတစ်ခု၏ အထောက်အပံ့ဖြင့် နေထိုင်နေသူလည်းဖြစ်သည်။ သမီးဖြစ်သူ၏ အခြေအနေ ပို၍ဆိုးရွားလာမည်ကို စိုးရိမ်နေရသည်ဟု အဆိုပါအမျိုးသားက ပြောသည်။

**ဆင်ဟွာ**



# ဗီယက်နမ်အလယ်ပိုင်း၌ တိုင်ဖွန်းထရာမီကြောင့် ရှစ်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**ဟန္နိုင်း နိုဝင်ဘာ ၁**

တိုင်ဖွန်းထရာမီနှင့် ၎င်း၏နောက်ဆက်တွဲ မိုးရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ဗီယက်နမ်အလယ်ပိုင်းတွင် ရှစ်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရခဲ့ကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီက နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်သည်။

နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီအထိ ထိခိုက်မှုအဆိုးရွားဆုံးပြည်နယ် ကွမ်းဘင့်တွင် ခုနစ်ဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အခြားသေဆုံးသူတစ်ဦးမှာ သူရာသင်ဟျူးပြည်နယ်မှ ဖြစ်သည်။

ရေကြီးမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဒေသတွင်းရှိ နေအိမ် ၃၂၆ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ကွမ်းဘင့်ပြည်နယ်တွင် အိမ်ထောင်စု ၃၀၀ ခန့် ရေကြီးနစ်မြုပ်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း သီးနှံများနှင့် သီးပင်စားပင် ၁၂၆၉ ဟက်တာ ရေနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ **ဆင်ဟွာ**

# စပိန်နိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူဦးရေ ၂၀၅ ဦး ရှိလာ

**မက်ဒရစ် နိုဝင်ဘာ ၁**

စပိန်နိုင်ငံ၌ရေကြီးမှုကြောင့် သေဆုံးသူဦးရေ ၂၀၅ ဦး ရှိလာသည်ဟု စပိန်မီဒီယာတွင်ဖော်ပြသည်။

အဆိုပါရေကြီးမှုသဘာဝဘေးမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးရွားဆုံးသော သဘာဝဘေးဖြစ်သည်ဟု ဆိုသည်။

ဗလင်စီယာ အရှေ့ပိုင်းဒေသနှင့် အခြားဒေသတို့၌ အောက်တိုဘာ ၂၉ ရက် နှင့် ၃၀ ရက်က စံချိန်တင်မိုးရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ရသည်။ မော်တော်ယာဉ်များနှင့်တံတားများ ရေစီးနှင့်အတူ မျောပါသွားပြီး လမ်းများနှင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုကြောင့် ပြေးဆွဲမှုများရပ်နားထားရကြောင်း ဗလင်စီယာ၌ အဓိကလမ်းများ ပြန်လည်ပြင်ဆင်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောသည်။

ထို့ပြင် မက်ဒရစ်နှင့် ဗလင်စီယာအကြား အမြန်ရထားလိုင်းပြေးဆွဲမှုကို ပြန်ဆင်ရန်လည်း သတင်းပတ်များစွာ ကြာမြင့်ဦးမည်ဟု ၎င်းကဆက်ပြောသည်။

ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးအတွက် စပိန်တပ်ဖွဲ့ဝင်များ၊ မီးသတ်သမားများနှင့် အခြားသောတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ ၊ ဆင်ဟွာ**



# လက်တာကီယာတောအုပ်များအတွင်း တောမီးလောင်မှုကို ဆီးရီးယားမီးသတ်သမားများ ငြိမ်းသတ်

**ဒမတ်စကတ် နိုဝင်ဘာ ၁**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကမ်းရိုးတန်းဒေသ လက်တာကီယာပြည်နယ် ထူထပ်သော သစ်တောများအတွင်း နိုဝင်ဘာ ၁ ရက်က တောမီးအကြီးအကျယ်လောင်မှု ဖြစ်ပွားခဲ့ပြီး မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေကြသည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။

**လေပြင်းများတိုက်ခတ်မှု**

ဆီးရီးယား-တူကီယဲ နယ်စပ်အနီး ကာဆပ်ဧရိယာသို့ လေပြင်းများတိုက်ခတ်မှုနှင့် ထူထပ်သောသစ်တောအတွင်း ဦးတည်၍ တောမီးလောင်သည့် အတွက် ဘတ်ဒူဆီယာ ကျေးလက်ဒေသတွင် တောမီးလောင်လျက်ရှိသည်။

ကာဆပ်ဧရိယာသည် ဆီးရီးယားနိုင်ငံရှိ သစ်တောကြီးများ ထူထပ်စွာ ပေါက်ရောက်သည့်ဒေသဖြစ်သည်။ ထို့ကြောင့်မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းမှုမှာစိန်ခေါ်မှုသဖွယ်ဖြစ်နေသည်။

**ဘေးလွတ်ရာရွှေ့ပြောင်းပေး**

အနီးအနားရှိ ပြည်နယ်များမှ မီးသတ်သမားများကိုလည်း မီးငြိမ်းသတ်ရာတွင် အကူအညီပေးနိုင်ရေး တပ်ဖြန့်ချထားသည်။ ဘတ်ဒူဆီယာနှင့် မူရှာရီဖာဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**



# အစ္စရေးပစ်မှတ်များကို အီရတ် မောင်းသူမဲ့ လေယာဉ်ခြောက်စင်းဖြင့် တိုက်ခိုက်

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**

အီရတ်နိုင်ငံရှိ ရှီးယိုက်ပြည်သူ့စစ်အဖွဲ့ဖြစ်သည့် အစ္စလာမ္မစ်တော်လှန်ရေးအဖွဲ့က အစ္စရေးပစ်မှတ်များကို မောင်းသူမဲ့လေယာဉ်ခြောက်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်က ကြေညာသည်။

၎င်းတို့၏ထုတ်ပြန်ချက်များအရ အီရတ်တိုက်ခိုက်ရေးသမားများသည် အစ္စရေးတောင်ပိုင်းရှိ အရေးကြီးသော နေရာများသို့ မောင်းသူမဲ့လေယာဉ်သုံးစင်း၊ ဂိုလန်ကုန်းမြင့်ရှိပစ်မှတ်နှစ်ခုနှင့် အစ္စရေးအလယ်ပိုင်းရှိ နေရာတစ်ခုတို့သို့ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟုဆိုသည်။ ပစ်မှတ်နေရာများမှ အသေအပျောက်စာရင်းနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ထားခြင်း မရှိသေးပေ။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစ၍ ဂါဇာကမ်းမြောင်ဒေသ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခဖြစ်ပွားချိန်ကတည်းက အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးသမားများသည် ဂါဇာရှိ ပါလက်စတိုင်းများကို ထောက်ခံကြောင်း ပြသရန်အတွက် ဒေသတွင်းရှိ အစ္စရေးနှင့် အမေရိကန်တို့၏ ပစ်မှတ်များကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့ကို စက်တင်ဘာ ၂၃ ရက်က ပြင်းထန်စွာတိုက်ခိုက်ခံရမှုအပြီး အီရတ်ပြည်သူ့စစ်များက ၎င်းတို့၏ တိုက်ခိုက်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# တဖြည်းဖြည်းနီးကပ်လာပြီဖြစ်တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲ

**နှင်းမိုးအိမ်**

**အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပဖို့ တစ်ပတ်သာလိုတော့တဲ့ကာလမှာ မဲဆန္ဒရှင်တွေကြား စစ်တမ်းကောက်ယူမှုမှာတော့ ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်နဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်တို့ကြား ကွာဟချက်ဟာ အနည်းငယ်သာရှိပါတယ်။ အမေရိကန်တစ်လွှား မဲဆန္ဒရှင်တွေကြား စစ်တမ်းကောက်ယူမှုနှုန်းမှာဆိုရင် ထရမ့်က ၄၈ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဟားရစ်ကတော့ ၄၈ ဒသမ ၄ ရာခိုင်နှုန်းရှိတယ်လို့ အမေရိကန် နိုင်ငံရေးသတင်းဝက်ဘ်ဆိုက်ဖြစ်တဲ့ Real Clear Politics မှာ ဖော်ပြထားပါတယ်။**



ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်။

**❖ ထရမ့်နဲ့ ဟားရစ်တို့ဟာ အကြိတ်အနယ် ယှဉ်ပြိုင်ရမယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ သမ္မတလောင်းတွေဟာ အောက်တိုဘာ ၂၈ ရက်မှာတော့ သူတို့အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် ပြည်နယ်အချို့ဆီ သွားခဲ့ကြပါတယ်။ ဟားရစ်ကတော့ မီချီဂန်ပြည်နယ်က ကွန်ပျူတာချစ်ပ်တွေအတွက် ဆီလီကွန်ပြုလုပ်တဲ့ စက်ရုံကို သွားရောက်ခဲ့ပါတယ်။ တကယ်လို့ သူသာရွေးကောက်ခံရမယ်ဆိုရင် ကုန်ထုတ်အလုပ်တွေကို ပံ့ပိုးပေးမှာဖြစ်ပြီး အလုပ်အကိုင် လိုအပ်ချက်တွေကိုလည်း ပြန်ပြီးအကဲဖြတ်သွားမယ်လို့ပြောပါတယ်။ အလေးအနက်ထား ရွေးချယ်မှုပြုလုပ်ရမယ်လို့ ဟားရစ်က အလုပ်သမားတွေကို ပြောခဲ့ပါတယ်**

### ကွာဟချက်အနည်းငယ်သာရှိ

အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် ပြည်နယ် ခုနစ်ခုမှာ ထရမ့်ဟာ ဟားရစ်ထက် အနည်းငယ်အသာနဲ့ ဦးဆောင်နေတာကို တွေ့မြင်ရပါတယ်။ အဲဒီပြည်နယ် ခုနစ်ခုဟာ ရွေးကောက်ပွဲရလဒ်ကို အဓိကဆုံးဖြတ်ပေးမယ့် နေရာတွေလည်းဖြစ်ပါတယ်။ ဂျော်ဂျီယာပြည်နယ်မှာ ဆန္ဒမဲစစ်တမ်းကောက်ယူမှုအရ ထရမ့်ကိုထောက်ခံသူ ၄၉ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ဟားရစ်ကိုထောက်ခံသူ ၄၆ ဒသမ ၉ ရာခိုင်နှုန်းရှိကာ သူတို့နှစ်ဦးကြား ကွာခြားချက်ကတော့ ၂ ဒသမ ၃ ပွိုင့်သာရှိပါတယ်။ မြောက်ကာရိုလိုင်းနား၊ နီဗားဒါး၊ ပင်ဆယ်ဗေးလ်နီးယား၊ ဝစ္စကွန်ဆင်နဲ့ မီချီဂန် ပြည်နယ်တွေမှာတော့ ထရမ့်နဲ့ ဟားရစ်တို့ကြား ကွာခြားချက်ဟာ တစ်ပွိုင့်အောက်မှာပဲ ရှိပါတယ်။

### အကဲဖြတ်သွားမယ်

ဒါကိုကြည့်မယ်ဆိုရင် အဲဒီပြည်နယ်တွေမှာ ထရမ့်နဲ့ ဟားရစ်တို့ဟာ အကြိတ်အနယ်ယှဉ်ပြိုင်ရမယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ သမ္မတလောင်းတွေဟာ အောက်တိုဘာ ၂၈ ရက်မှာတော့ သူတို့အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် ပြည်နယ်အချို့ဆီ သွားခဲ့ကြပါတယ်။ ဟားရစ်ကတော့ မီချီဂန်ပြည်နယ်က ကွန်ပျူတာချစ်ပ်တွေအတွက် ဆီလီကွန်ပြုလုပ်တဲ့ စက်ရုံကို သွားရောက်ခဲ့ပါတယ်။ တကယ်လို့ သူသာရွေးကောက်ခံရမယ်ဆိုရင် ကုန်ထုတ်အလုပ်တွေကို ပံ့ပိုးပေးမှာဖြစ်ပြီး အလုပ်အကိုင်လိုအပ်ချက်တွေကိုလည်း ပြန်ပြီး အကဲဖြတ်သွားမယ်လို့ပြောပါတယ်။ အလေးအနက်ထား ရွေးချယ်မှုပြုလုပ်ရမယ်လို့ ဟားရစ်က အလုပ်သမားတွေကို ပြောခဲ့ပါတယ်။

### ကြွေးကြော်ခဲ့

ထရမ့်ကတော့ နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တွေအတွက် အဓိကအကြောင်းအရာဟာ လူဝင်မှုကြီးကြပ်ရေးပြဿနာပဲဖြစ်တယ်လို့ ပြောပါတယ်။ သူသာ ရွေးကောက်ခံရမယ်ဆိုရင် တရားဝင်ခွင့်ပြုချက်မရှိဘဲ ခိုးဝင်နေထိုင်တဲ့ သန်းနဲ့ချီတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို ပြည်နှင်ဒဏ်ပေးမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။ သူသာ သမ္မတအဖြစ် ရွေးကောက်ခံရမယ်ဆိုရင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်တဲ့ ပထမဆုံးရက်မှာပဲ နယ်စပ်ကို ပိတ်ပြီး နယ်စပ်ကို အလုံးအရင်းလိုက် ဝင်လာသူတွေကို ရပ်တန့်မယ်လို့ ထရမ့်က ပြောပါတယ်။ ပြီးတော့ သူတို့ကို အရင်နေထိုင်ရာနေရာကို ပြန်ပို့မယ်လို့ ပြောခဲ့ပါတယ်။ အမေရိကန်မှာ တရားမဝင် ခိုးဝင်နေထိုင်သူ ၁၁ သန်းကျော်ရှိတယ်လို့ အမိမြေလုံခြုံရေးဌာနရဲ့ မကြာသေးမီက ခန့်မှန်းချက်တွေအရ သိရပါတယ်။

**“အချို့အမေရိကန်သတင်းစာကြီးတွေဟာ ယခုရွေးကောက်ပွဲမှာတော့ သမ္မတလောင်းတစ်ဦးဦးကို ထောက်ခံပေးခြင်းမပြုဘဲ ရှောင်ရှားနေတာကို တွေ့မြင်ရပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာတင်မကပါဘူး၊ အနာဂတ်မှာကျင်းပမယ့် ရွေးကောက်ပွဲတွေမှာပါ သမ္မတလောင်းတစ်ဦးဦးကို ထောက်ခံမှု ပြုလုပ်သွားမှာမဟုတ်ဘူးလို့ ဝါရှင်တန်ပို့စ် သတင်းစာက မကြာသေးခင်အချိန်အတွင်းကမှ ကြေညာထားခဲ့ပါတယ်”**

### ကြိုတင်မဲပေးသူ ၄၃ သန်းကျော်ရှိ

အောက်တိုဘာ ၂၈ ရက်အထိ ကြိုတင်မဲပေးထားသူဦးရေဟာ ၄၃ သန်းကျော်ရှိပြီလို့ ဖလော်ရီဒါတက္ကသိုလ်သုတေသနအုပ်စုက ပြောပါတယ်။ ၄၀ ရာခိုင်နှုန်းဟာ ဒီမိုကရက်တစ်တွေ ဖြစ်တယ်လို့ စာရင်းသွင်းထားပြီး ၃၆ ဒသမ ၂ ရာခိုင်နှုန်းကတော့ ရီပတ်ဘလီကင်တွေဖြစ်တယ်လို့ သိရပါတယ်။ ကြိုတင်မဲပေးခြင်းဟာ တိုးတက်မှုတွေကို ထိခိုက်စေနိုင်တယ်လို့ ထရမ့်ကပြောပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကလည်း မေးလ်ကနေ တစ်ဆင့်ကြိုတင်မဲပေးခြင်းကို လိမ်ညာမှုတွေဖြစ်စေတယ်ဆိုပြီး ထရမ့်က ဆန့်ကျင်ခဲ့ပါတယ်။

ပင်ဆယ်ဗေးလ်နီးယား ပြည်နယ်မှာဆိုရင်လည်း ကြိုတင်မဲဆန္ဒရှင် ၅၉ ဒသမ ၄ ရာခိုင်နှုန်းဟာ ဒီမိုကရက်တစ်တွေဖြစ်တယ်လို့ စာရင်းသွင်းထားပြီး ရီပတ်ဘလီကင်တွေထက် နှစ်ဆပိုပြီး များပြားတယ်လို့သိရပါတယ်။ အရီဇိုးနားပြည်နယ်မှာတော့ ကြိုတင်မဲဆန္ဒရှင် ၄၁ ဒသမ ၉ ရာခိုင်နှုန်းဟာ ရီပတ်ဘလီကင်တွေဖြစ်ပြီး ဒီမိုကရက်တစ်ကတော့ ၃၅ ဒသမ ၁ ရာခိုင်နှုန်းသာရှိတယ်လို့ သိရပါတယ်။ နီဗားဒါးနဲ့ မြောက်ကာရိုလိုင်းနားတွေမှာတော့ ရီပတ်ဘလီကင်တွေ စာရင်းသွင်းထားတဲ့ မဲဆန္ဒရှင်အချိုးအစားဟာ ပိုပြီးများပြားပါတယ်။

### မဲပုံးတွေမီးရှို့ခံရ

မဲပုံးတွေ မီးရှို့ခံခဲ့ရတဲ့အတွက် လာမယ့်အပတ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲမတိုင်မီ တင်းမာမှုတွေ ပိုပြီးဆိုးရွားလာပါတယ်။ ဝါရှင်တန်မှာ ကြိုတင်မဲပုံးတွေ ရာနဲ့ချီပြီး မီးရှို့ခံခဲ့ရတယ်လို့ ပြည်တွင်းမီဒီယာတွေမှာ ဖော်ပြထားပါတယ်။ အေဘီစီသတင်းဌာနမှ ရရှိထားတဲ့ပုံတွေအရ ရဲအရာရှိတွေဟာ မီးလောင်နေတဲ့ မဲပုံးတွေကို စစ်ဆေးနေတယ်လို့ သိရပါတယ်။ ပေါ့လန်းနဲ့ အော်ရီဂွန်တို့မှာလည်း အလားတူအဖြစ်အပျက်တွေ ဖြစ်ပွားခဲ့ပါတယ်။ မီးလောင်စေတတ်တဲ့ ပစ္စည်းတစ်ခုကို မဲပုံးအတွင်း ထည့်လိုက်တာဖြစ်တယ်လို့ စုံစမ်းစစ်ဆေးသူတွေက ပြောပါတယ်။ မီးရှို့မှုဖြစ်စဉ်နှစ်ခုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိပါတယ်။

### ရှောင်ရှားနေ

အချို့ အမေရိကန်သတင်းစာကြီးတွေဟာ ယခုရွေးကောက်ပွဲမှာတော့ သမ္မတလောင်းတစ်ဦးဦးကို ထောက်ခံပေးခြင်းမပြုဘဲ ရှောင်ရှားနေတာကိုတွေ့မြင်ရပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာတင်မကပါဘူး၊ အနာဂတ်မှာကျင်းပမယ့် ရွေးကောက်ပွဲတွေမှာပါ သမ္မတလောင်းတစ်ဦးဦးကို ထောက်ခံမှုပြုလုပ်သွားမှာမဟုတ်ဘူးလို့ ဝါရှင်တန်ပို့စ် သတင်းစာက မကြာသေးခင်အချိန်အတွင်းကမှ ကြေညာထားခဲ့ပါတယ်။

### ဆုံးဖြတ်ခဲ့

ဒုတိယသမ္မတ ကာမလာဟားရစ်ကို ထောက်ခံတဲ့ ဆောင်းပါးကို အယ်ဒီတာ့အာဘော် စာမျက်နှာဝန်ထမ်းတွေက ရေးဆွဲခဲ့ပေမယ့် ထုတ်ဝေခြင်းမရှိခဲ့ဘူးလို့ ဝါရှင်တန်ပို့စ် သတင်းစာက ဖော်ပြခဲ့ပါတယ်။ သမ္မတလောင်းတွေကို ထောက်ခံပေးတဲ့ဆောင်းပါးတွေ ထုတ်ဝေခြင်းမပြုတော့ဖို့ ဝါရှင်တန်ပို့စ် သတင်းစာပိုင်ရှင် ဂျက်ဘီဇို့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီလိုဆုံးဖြတ်မှုကြောင့် ဝါရှင်တန်ပို့စ် သတင်းစာကို လစဉ်ကြေးပေးသွင်းသူ ၂၀၀၀၀၀ ဟာ စာရင်းဖျက်သိမ်းခဲ့တယ်လို့ အမေရိကန်မီဒီယာအင်န်ပီအာမှာ ဖော်ပြထားပါတယ်။

### အကြံပြုချက်ပေးမှာမဟုတ်

တစ်ချိန်တည်းမှာပဲ သည်လော့စ်အိန်ဂျလိစ်တိုင်းမ်စ်သတင်းစာကလည်း ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် စာဖတ်သူတွေကို အကြံပြုချက်ပေးမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။ အခုလိုသတင်းစာကြီးတွေက သမ္မတလောင်းတွေကို ထောက်ခံအကြံပြုချက်တွေ မပေးတော့တာဟာဆိုရင် ဘယ်သူ့ကို မဲပေးရမယ်မှန်း မဆုံးဖြတ်ရသေးတဲ့သူတွေအတွက် အကြံဉာဏ်တွေ ဆုံးရှုံးစေတယ်လို့ ဝေဖန်သူတွေက ပြောပါတယ်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊**
**အေဘီစီနယူးစ်**

# မြစ်ကြီးနားမြို့ ဘုမ္မောဘုန်းတော်ကြီးကျောင်း၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် ရဟန်း/ သံဃာများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

**မြစ်ကြီးနား နိုဝင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဘုမ္မောဘုန်းတော်ကြီးကျောင်း၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် ထေရ်ကြီးဝါကြီး ရဟန်း/ သံဃာတော်များနှင့် သီလရှင်ဆရာများအား ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများက ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် ထေရ်ကြီးဝါကြီး ရဟန်း/သံဃာများ၊ သီလရှင်ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၁၂၂ ပါးတို့အား သတ်မှတ်နေရာအသီးသီးမှ ဆွမ်းဆန်တော်၊ အလှူငွေ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**



ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၁ ရက် ညနေပိုင်းကလည်း ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် အသက် (၂၀) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားသမား စိစစ်ရွေးချယ်လေ့ကျင့်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့သည့် ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် နောင်ရာ FC အသင်းနှင့် Brother FC အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ Brother FC အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများအတွက် အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆုများနှင့် အသန့်ရှင်းဆုံးအသင်းဆု၊ တတိယဆုရအသင်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဒုတိယဆုရအသင်းအတွက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်ကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလအောင်က ပထမဆုရအသင်းအတွက် တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမတံခွန်စိုက် ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ❒ ကျောဖုံးမှ

သတင်းအရှုရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ရေဘေးသင့် ကျွန်းဦးခေတ်မီစံပြကျေးရွာမှ သမဝါယမအသင်း အသေးစားအကြော်ဖိုလုပ်ငန်းများ ပြန်လည်နိုးထခြင်း ...

**ရေဘေးသင့်ခဲ့တဲ့ကျေးရွာတွေထဲမှာ ကျွန်းဦးစံပြကျေးရွာလည်း ပါဝင်ခဲ့ပါတယ်။ ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာဟာ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(One Region One Product– OROP) ပုံစံနဲ့ ပဲလှော်၊ ပဲကြော်လုပ်ငန်းကို အဓိကလုပ်ကိုင်တဲ့ကျေးရွာဖြစ်ပြီး ကျေးရွာအတွင်း ပဲလှော်လုပ်ငန်းရှင် ၁၃ ဦး ရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကြက်သွန်ပေါင်းကြော်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ စာလေးခွေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ ဆီစက်လုပ်ငန်းရှင် တစ်ဦးနဲ့ မာလာရှမ်းကောရောင်းချသူ တစ်ဦးရှိတာလည်း တွေ့ရပါတယ်။**

ခန့်ဇော်(ကျေးလက်)

ကျွန်းဦးရွာကို ၂၀၂၁–၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက်မှာ နေပြည်တော်တိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ရွာ၊ ထုတ်ကုန်တစ်ခုကောင်းကောင်း ထုတ်လုပ်နိုင်မှုရှိတဲ့ ရွာဖြစ်တာကြောင့် သတ်မှတ်စံနှုန်းတွေနဲ့ ကိုက်ညီတဲ့အတွက် စံပြကျေးရွာအဖြစ် ဆောင်ရွက်ဖို့ ရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။

### သမဝါယမအသင်းဖွဲ့စည်း

၁၈– ၉–၂၀၂၄ ရက်နေ့မှာ ရေဘေးကယ်ဆယ်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းခရီးစဉ်နဲ့ ကျွန်းဦးကျေးရွာကိုရောက်တော့ အကြော်ဖိုအားလုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ကုန်ကြမ်းတွေအားလုံးရေမြုပ်ပျက်စီးခဲ့ကြောင်း၊ အသေးစားလုပ်ငန်းတွေဖြစ်တဲ့ ပဲလှော်ဖိုတွေ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဖို့နဲ့ ကုန်ကြမ်းအတွက် အရင်းအနှီးတွေ လိုအပ်ကြောင်း ကျေးရွာက တင်ပြကြပါတယ်။ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌလည်း ဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးက ပဲလှော်ဖိုတွေ ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ရေးအတွက် သမဝါယမပုံစံအသင်းအဖွဲ့တွေ ဖွဲ့စည်းပြီး ဆောင်ရွက်မယ်ဆိုပါက



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျွန်းဦးစံပြကျေးရွာရှိ ပဲလှော်ဖို၌ လုပ်ငန်းပြန်လည် လည်ပတ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

အတိုးနှုန်းသက်သာတဲ့ သမဝါယမချေးငွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတွေက ၂၈–၉–၂၀၂၄ ရက်နေ့မှ ၃–၁၀–၂၀၂၄ ရက်နေ့အထိ ကွင်းဆင်းစည်းရုံး ဆောင်ရွက်ခဲ့ကြပါတယ်။

တကယ်က လုပ်ငန်းရှင်တွေသာ အခက်အခဲ တွေ့ရတာမဟုတ်ဘဲ အကြော်ဖိုမှာ အလုပ်လုပ်ကိုင်နေကြတဲ့ လုပ်သား ၁၂၀ ခန့်လည်း အလုပ်လက်မဲ့ ဖြစ်ခဲ့ရတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် အကြော်ဖိုတွေ ပြန်လည်လည်ပတ်နိုင်ဖို့ အရေးတကြီးလိုအပ်နေတာကို တွေ့ရှိရပါတယ်။ စည်းရုံးဆောင်ရွက်မှုအရ လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားတွေပါ ပါဝင်တဲ့ သမဝါယမအသင်းဖွဲ့စည်းစေကာ အရင်းအနှီးပြန်လည်ထုတ်ချေးပြီး လုပ်ငန်းတွေ ပြန်လည်လည်ပတ်ဆောင်ရွက်စေခဲ့ပါတယ်။

ဒီလို ဆောင်ရွက်နိုင်ခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးတွေရရှိတာကို တွေ့ရှိရပါတယ်–

(က) ထုတ်ကုန်တွေ ပြန်လည်ထုတ်လုပ်နိုင်ပြီး ဝင်ငွေရရှိခြင်း၊

( ခ ) သက်သာသော ချေးငွေရရှိပြီး လုပ်ငန်းတွေ လည်ပတ်နိုင်ခြင်း၊

( ဂ ) အလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ရရှိခြင်း၊

(ဃ) ကုန်ကြမ်းတွေ ဝယ်ယူထုတ်လုပ်ခြင်းဖြစ်လို့ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးကွက်အခွင့်အလမ်းရရှိခြင်းတို့ ဖြစ်ပါတယ်။

### သက်သာတဲ့ချေးငွေ

ချေးငွေထုတ်ချေးပေးခြင်းကိုတော့ ၅–၁၀ –၂၀၂၄ ရက်နေ့မှာ တစ်ဖိုကို ငွေကျပ် ၂၅ သိန်းနှုန်းနဲ့ လုပ်ငန်းတွေ ပြန်လည်လည်ပတ်နိုင်ဖို့အတွက် သမဝါယမဦးစီးဌာနက ငွေကျပ်သိန်း ၁၄၀၀ ကျော် ထုတ်ချေးပေးခဲ့ပါတယ်။ အတိုးနှုန်းမှာ တစ်ကျပ်ခွဲနှုန်းဖြစ်ပေမယ့် ပြန်ဆပ်ချိန်မှာ တစ်ကျပ်၊ ၁၀ပြားသာ ပေးဆပ်ရမှာဖြစ်ပြီး ကျန်ပြား ၄၀ ကို ကျေးရွာက ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းရန်ပုံငွေအဖြစ် ထားရှိခဲ့မှာ ဖြစ်ပါတယ်။

ချေးငွေပေးဆပ်ကာလမှာ တစ်နှစ်ခွဲဖြစ်ပြီး ပထမ ခြောက်လမှာ အတိုး၊ ဒုတိယခြောက်လမှာ အရင်း၊ အတိုးနဲ့ ကျန်ရှိတဲ့ အတိုးတစ်ဝက်နဲ့ အရင်းတွေကို တတိယခြောက်လမှာ ပေးဆပ်ရမှာ ဖြစ်ပါတယ်။ ကျွန်းဦးကျေးရွာဟာ လူထုဗဟိုပြုစီမံကိန်း (CDD) ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံအပြင် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်တာ သုံးနှစ်အတွင်း ရောက်ရှိပြီးဖြစ်လို့ ကော်မတီဝင်တွေ အပါအဝင် ကျေးရွာသူ ကျေးရွာသားတွေဟာ အတွေ့အကြုံရှိပြီး လုပ်ငန်းတွေကျွမ်းကျင်မှုရှိတာကြောင့် ၇– ၁၀ – ၂၀၂၄ ရက်နေ့မှာပဲ ပဲလှော်၊ ပဲကြော်ဖို ၁၈ ဖိုအနက် ၁၀ ဖို စတင်လည်ပတ်လုပ်ကိုင်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ၃၀–၁၀–၂၀၂၄ ရက်နေ့မှာ ၁၀၀ ရာခိုင်နှုန်း အားလုံးပြန်လည်နိုးထ လည်ပတ်နိုင်နေပြီဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျွန်းဦးစံပြကျေးရွာရှိ ပဲလှော်ဖို၌ လုပ်ငန်းပြန်လည် လည်ပတ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

> ❂ ဌာနဆိုင်ရာအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နေပြည်တော်ကောင်စီရဲ့ ကြီးကြပ်မှု၊ ကျေးရွာသူကျေးရွာသားတွေရဲ့ ကြံ့ကြံ့ခံ တုံ့ပြန်ဆောင်ရွက်မှုတွေကြောင့် ခေတ်မီစံပြကျေးရွာဖြစ်တဲ့ ကျွန်းဦးကျေးရွာဟာ ပြန်လည်နိုးထလာခဲ့ပါပြီ။ ပေါင်းစည်းညီညွတ်မှု၊ ကျေးရွာရဲ့ ပူးပေါင်းပါဝင်မှုတွေရဲ့ အမြင်သာဆုံးသော အကျိုးရလဒ်ဖြစ်ပါတယ်

### ကွင်းဆင်းစည်းရုံးတဲ့ပုံစံနဲ့ အတွေ့အကြုံများ

သမဝါယမဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေမှ တာဝန်ရှိသူတွေအနေနဲ့ ကျွန်းဦးကျေးရွာကို ကွင်းဆင်းသွားရောက်ပြီး လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးတဲ့ ကျေးရွာသူ ကျေးရွာသားတွေနဲ့တွေ့ဆုံကာ ၎င်းတို့ရဲ့လုပ်ငန်းတွေကို အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်တွေကို မေးမြန်းရာမှာ သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ အရင်းအနှီးလိုအပ်ကြောင်း သိရှိခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ကျွန်းဦးကျေးရွာရှိ ပဲကြော်၊ ပဲလှော်လုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ဖို့အတွက် သက်သာတဲ့အတိုးနှုန်းနဲ့ ချေးငွေတွေကို ထုတ်ချေးပေးခဲ့ပါတယ်။

### အခြားအထောက်အပံ့

၇–၁၀– ၂၀၂၄ ရက်နေ့က ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းစစ်ဆေးရာမှာ ကျွန်းဦးကျေးရွာမှာ ရေဝပ်နေပြီး ၆–၁၀–၂၀၂၄ ရက်နေ့အထိ ရေပြန်မကျဘဲဖြစ်နေသေးတာကြောင့် ချေးငွေရရှိပေမယ့် အချို့အကြော်ဖိုတွေ လုပ်ငန်းပြန်လည်မစတင်နိုင်သေးတာကို သိရှိခဲ့ရပါတယ်။ အဲဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့နေရာတွေမှာ ရေဖောက်ထုတ်ခြင်း၊ ရေမြောင်းတွေ၊ ဆည်မြောင်းတွေ မွမ်းမံဆောင်ရွက်ပေးခဲ့တာကြောင့် အကြော်ဖိုအားလုံး ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ခဲ့ပါတယ်။

ကျွန်းဦးကျေးရွာအတွင်း လမ်းတွေရှင်းလင်းခြင်း၊ အမှိုက်တွေရှင်းလင်းခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်းတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ စက်ယန္တရားကြီးတွေ အကူအညီနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဌာနဆိုင်ရာအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နေပြည်တော်ကောင်စီရဲ့ကြီးကြပ်မှု၊ ကျေးရွာသူကျေးရွာသားတွေရဲ့ ကြံ့ကြံ့ခံတုံ့ပြန်ဆောင်ရွက်မှုတွေကြောင့် ခေတ်မီစံပြကျေးရွာဖြစ်တဲ့ ကျွန်းဦးကျေးရွာဟာ ပြန်လည်နိုးထလာခဲ့ပါပြီ။ ပေါင်းစည်းညီညွတ်မှု၊ ကျေးရွာရဲ့ပူးပေါင်းပါဝင်မှုတွေရဲ့ အမြင်သာဆုံးသော အကျိုးရလဒ်ဖြစ်ပါတယ်။ ကျန်ရေဘေးသင့်ကျေးရွာတွေလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်မှုနဲ့ များမကြာမီအချိန်အတွင်းမှာ အင်တိုက်အားတိုက်ဆိုသလို နိုးထလာကြတော့မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

## အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၉၈၂၈၄၈၇ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတဆိပ်ကမ်းနှင့် ရွှေမဲဆိပ်ကမ်းတို့၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်နှစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၅၉၈၁၁၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆၁၈၇၃၆၉)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၅၁၈၀၀၀) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၄၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၂၆၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus တစ်စီးနှင့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၉၀၁၅၃၆၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၉၈၂၈၄၈၇) ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**


ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

## အင်းစိန်နှင့် တောင်ဒဂုံတွင် ပြည်သူ့စစ်မှုထမ်းအတွက် လူငယ်များကို ဖမ်းဆီးမှုများနှင့် ခြိမ်းခြောက်ငွေတောင်းမှုများ ဖြစ်လာပြန်ဟု မဟုတ်မမှန် သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် စစ်မှုထမ်းအပတ်စဉ် ၇ အတွက် လူငယ်များကို တပ်မတော်နှင့် အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဖမ်းဆီးခြင်းများနှင့် ငွေကြေးခြိမ်းခြောက်မှုများ ဖြစ်ပေါ်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာက သတင်းအတု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် ထိုသို့ စစ်မှုထမ်းရန် အကျပ်ကိုင်ခြင်းမျိုး မရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်း ခေါ်ဆောင်ရာတွင် ပြည်သူ့စစ်မှုထမ်းခေါ်ယူရေး ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း လက်တွေ့မြေပြင်တွင် အဆင့်ဆင့်စစ်ဆေးပြီးမှ ခေါ်ယူလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ လူသစ်စုဆောင်းခြင်းကို အသက်အရွယ် အကန့်အသတ်မရှိ အတင်းအဓမ္မ စုဆောင်းလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက အေးချမ်းစွာ နေထိုင်လုပ်ရှားသွားလာနေသော လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ လုပ်ကြံဖန်တီးရေးသားခြင်းသာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အောက်တိုဘာ ၃၁ ရက်က တရားမဝင်သယ်ဆောင်လာသည့် သစ်များဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်နီကျေးရွာ၊ ရွှေမြင်သာကျေးရွာလမ်းဆုံ၌ ပိတ်ဆို့စစ်ဆေးရေး ဆောင်ရွက်နေစဉ် မြို့ရှောင်လမ်းအတိုင်း လားရှိုးမြို့ဘက်မှ မန္တလေးဘက်သို့ ရေခြံစုကျေးရွာနေ ဇော်မျိုး (၄၇) နှစ် မောင်းနှင်ပြီး ကျွဲနွားထောက်ကျေးရွာနေ ဘိုဆင့်(၄၄)နှစ်၊ တိုးကြီးကုန်းကျေးရွာနေ ဒေါ်ဖြူသင်း (၃၉)နှစ်၊ တစ်ရွာတည်းနေ ဒေါ်ဇင်မာဖြူ(၃၈)နှစ်၊ ဒေါ်ရီမွန် (၂၉) နှစ်တို့ လိုက်ပါလာသည့် MDY 8G/xxxx CANDAR ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် သစ်ခွဲသားမျိုးစုံ ၂ဒသမ ၅၄၂ တန်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး သစ်များ၏ ပိုင်ရှင်မှာ ကျွဲနွားထောက်ကျေးရွာနေ ဝင်းဦးဖြစ်ကြောင်း သိရှိရသဖြင့် ဇော်မျိုး ပါ ခြောက်ဦးတို့အား ပြင်ဦးလွင်မြို့မ ရဲစခန်း (ပ)၂၇၃/၂၀၂၄၊ သစ်တောဥပဒေပုဒ်မ ၄၁(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “YOON YOON” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းအောက်ရုံ အလတ်ချောင်းရပ်ကွက်နေ တင်ထားနု(ခ)ထားထားအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် စက်ဆန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ကျောင်းအကျိုးတော်ဆောင်နာယက ဦးညွန့်ဆွေ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ မြို့မကျောင်းသားဟောင်းများ ဥက္ကဋ္ဌ ဦးညာဏ်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတစ်နိုင်ငံ၏ ကောင်းမွန်သည့် အနာဂတ်ကို ထုဆစ်ပုံဖော်နိုင်ရန် မျိုးဆက်သစ်လူငယ်လူရွယ်များအပေါ်တွင် များစွာမူတည်နေကြောင်း၊ လူငယ်လူရွယ်များအတွက် မှန်ကန်တည့်မတ်သည့် အသိပညာ၊ အတတ်ပညာများရရှိရေး ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်သည့် အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်မှုအဖြစ် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နှစ် ၃၀ နှစ်ရှည်စီမံကိန်းများလည်း ချမှတ်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ အသိပညာ၊ အတတ်ပညာ တိုးပွားစေရန်အတွက် ဘက်ပေါင်းစုံက မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ် ၁၀၀ လှူဒါန်းရာ ဒဂုံမြို့နယ် ပညာရေးမှူးနှင့် အ-ထ-က(၂) ကျောင်းအုပ်ဆရာကြီးတို့ကလက်ခံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေဆုများရှင် စာရေးဆရာ ဟိန်းလတ်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ယင်းနောက် အလှူရှင် ၁၀ ဦး၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးများက လက်ခံကြသည်။ ထို့နောက် အမျိုးသားစာပေဆုများရှင် စာရေးဆရာ ဟိန်းလတ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစံကွက် ၁၁၉ တင်းကျော်ထွက်ရှိ

**ကန်ကြီးထောင့် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၁ ရက်က ကွင်းယားအရှေ့အုပ်စု ကွင်းယားကြီးကျေးရွာတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ တက်ရောက်ကြည့်ရှုကြသည်။

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကွင်းယားကြီးကျေးရွာရှိတောင်သူ ဒေါ်သီတာ၏ မိုးစပါးလယ်ကေရှစ်ကေရှိ ဆင်းသုခစပါးမျိုးများကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုအား ကြည့်ရှုကြပြီး ဝန်ကြီးချုပ်က တောင်သူများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

အဆိုပါစပါးများ ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစို ၁၂၄ ဒသမ ၀၆ တင်း၊ အခြောက် ၁၁၉ ဒသမ ၀၉ တင်း ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**







# တံတားဦးမြို့နယ်၌ ချည်မျှင်ရှည်ဝါ ဘီ-၃၁ စံပြကွက် ၁၀ ဧက စိုက်ပျိုးခြင်း အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြ

**တံတားဦး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ချည်မျှင်ရှည်ဝါ ဘီ-၃၁ အထွက်နှုန်းရရှိရေး စံပြကွက် ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၃၁ ရက်က ချောင်းခွကျေးရွာအုပ်စု ချောင်းပတ်ကျေးရွာ ကွင်းအမှတ် ၁၄၁၃၊ တောင်သူ ဦးကျော်မင်း၏ ချည်မျှင်ရှည်ဝါ ဘီ-၃၁ စိုက်ကွင်းတွင် ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းနှင့် ဝန်ထမ်းများ၊ ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ချည်မျှင်ရှည်ဝါ ဘီ-၃၁ စံပြကွက် ၁၀ ဧကနှင့် ရွှေတောင်(၁၀) မျိုးစေ့ထုတ် ၁၀ ဧကတို့ စိုက်ပျိုးနည်းစနစ်နှင့် အောင်မြင်ဖြစ်ထွန်းမှု အကြောင်းကို ရှင်းလင်းပြောကြားကာ ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသူများက ချည်မျှင်ရှည်ဝါ ဘီ-၃၁ စံပြကွက် အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တာဝန်ရှိသူများက ချည်မျှင်ရှည်ဝါ ဘီ-၃၁ ၆၇ ဧကနှင့် ရွှေတောင်(၁၀) မျိုးစေ့ထုတ် ၁၀ ဧကကို စိုက်ပျိုးကြသည့် တောင်သူများအား ရွက်ဖျန်းအားဆေးနှင့် ပိုးသတ်ဆေးဘူး ၇၇ ဘူး ထောက်ပံ့ပေးခဲ့ပြီး ယူရီးယားဓာတ်မြေဩဇာ တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၇၇ အိတ် ရောင်းချပေးသည်။

**ရဲတင့်(ပြန်/ဆက်)**

# အုတ်ဖိုမြို့နယ်၌ နေကြာစိုက်ပျိုးမည့် သမအသင်းသား တောင်သူများအား နေကြာမျိုးပေးအပ်

**အုတ်ဖို နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့၏ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ (နေကြာမျိုး) ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုး၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ကေခိုင်ဝင်းနှင့် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်ကျော်သိန်းတို့က နေကြာစိုက်ပျိုးမည့်တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကြပြီး ဂုံညင်းတန်းကျေးရွာ၊ မုက္ကဒန်ကျေးရွာနှင့် တက်ဆွဲကျေးရွာတို့မှ (စိုက်/ထွေ) သမဝါယမအသင်းသားတောင်သူ ၉၀ ၏ ဧက ၄၀၀ အတွက် နှစ်ဧကလျှင် ရေဆင်းစပ်မျိုး(၁) နေကြာမျိုး တစ်အိတ်နှုန်းဖြင့် မျိုးအိတ် ၂၀၀ ကို တောင်သူလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ (အုတ်ဖို)**

# ဒလမြို့နယ်၌ မရှိ၍ မလင်းသူမရှိစေရ ဆင့်ပွားသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မရှိ၍ မလင်းသူမရှိစေရ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနေဝ်ရထာအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက ပြည်သူလူထုအတွင်း အဖြစ်များသည့် မျက်စိပြဿနာများနှင့်ပတ်သက်၍ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးအရာရှိ ဦးမျိုးသီဟက ပြည်သူလူထုအတွင်း မရှိ၍ မလင်းသူမရှိစေရနှင့်အညီ မျက်စိရောဂါများနှင့် ကုသရေး၊ ကာကွယ်ရေးများကို လည်းကောင်း ဆင့်ပွားဟောပြောပေးခဲ့ကြောင်း သိရသည်။

**အေးမြမိုး (ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မန္တလေးမြို့တွင် အခြေချ၍ လူကုန်ကူးဂိုဏ်းဖွဲ့ ကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးမှုဖြစ်စဉ်




❖ *ကျောဖုံးမှ*

၎င်းမှာ ယခင်က ရွှေလီမြို့ရှိ တရုတ်နိုင်ငံသားပိုင်ကုမ္ပဏီတွင် တရုတ်ယောကျ်ားယူရန် အမျိုးသမီးငယ်များအား ပို့ဆောင်ပေးခဲ့သော်လည်း ခွဲတမ်းနည်းသဖြင့် ၎င်းကိုယ်တိုင် တရုတ်မယားပြုလုပ်မည့် မိန်းကလေးများရှာဖွေရန် wechat group မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းမှ တစ်ဆင့်ခံလူပွဲစား မမေထက်နိုင်ဦး(ခ) မထက်၊ မောင်ချစ်ထူး၊ မဖြိုးဖြိုးဝေတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် မန္တလေးမြို့၌ အခြေချနေထိုင်ရန် ၈၆ လမ်း၊ ကန်တော်ကြီးပတ်လမ်းအနီးရှိ ၃ ထပ်တိုက်တစ်လုံးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၆၄ ဒီ လမ်း၊ ၁၁၅ x ၁၁၆ လမ်းကြား နေအိမ်တို့ကို ငှားရမ်းခဲ့ကာ အမျိုးသမီးငယ်များ စုစည်းထိန်းချုပ်၍ လူကုန်ကူးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မိန်းကလေးများ စည်းရုံးရှာဖွေရန်အတွက် မမေထက်နိုင်ဦး (မထက်)၊ ချစ်ထူးနှင့် ၎င်း၏ဇနီးဖြစ်သူ မဖြိုးဖြိုးဝေတို့က Online မှ စည်းရုံးရှာဖွေစုဆောင်းပြီး ငှားရမ်းထားသည့် နေအိမ်သို့ ပို့ဆောင်ခြင်း၊ မဇင်သူခိုင်အား စောင့်ကြည့်စေခြင်း၊ ၎င်းအမျိုး သမီးငယ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် လက်ထပ်ဗီဇာပြုလုပ်ပေးခြင်းတို့ကို ဒေါ်နန်းဆိုင်ခမ်း(ခ)မားမား၏ စီစဉ်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသမီးငယ်များနှင့် လက်ထပ်မည့် တရုတ်နိုင်ငံသား GAO FENGYING (ကောင်းဖိန်းရင်)၊ တရုတ်နိုင်ငံသား LIN JIAN နှင့်အတူ တရုတ်နိုင်ငံမှ မန္တလေးမြို့သို့လာရောက်သည့် ၎င်း၏မိခင် LI MANFEN တို့အား မြန်မာနိုင်ငံသို့ လာရောက်ရန်အတွက် ဒေါ်နန်းဆိုင်ခမ်း(ခ) မားမားမှ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်ဖော်ထုတ်သိရှိချက်အရ အမျိုးသမီးငယ်များမှာ မိမိတို့ဘဝအလုပ်အကိုင်ရရှိရေးအတွက် လူမှုကွန်ရက် Facebook, TikTok များမှတစ်ဆင့် အလုပ်ရှာဖွေရာမှ တရုတ်မယားပြုလုပ်ရန် စည်းရုံးခံရသူများဖြစ်ကြပြီး ပို့ဆောင်သည့်လမ်းကြောင်းမှာ တရုတ်မယားပြုလုပ်နိုင်ရန်အတွက် ယခင်က နယ်စပ်ဒေသမှတစ်ဆင့် စည်းရုံးခေါ်ယူ ပို့ဆောင်နေရာမှ ယခုအခါ ပြည်ပနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်နေကြောင်း စုံစမ်းသိရှိရသည်။

ထို့ကြောင့် မန္တလေးမြို့၌အခြေချ၍ လူကုန်ကူးမှုဂိုဏ်းဖွဲ့ကျူးလွန်ခဲ့သူ ဒေါ်နန်းဆိုင်ခမ်း (ခ)မားမား(ဖမ်းဆီးရမိ)၊ မမေထက်နိုင်ဦး(ခ) မထက်(တိမ်းရှောင်)၊ မဇင်သူခိုင်(တိမ်းရှောင်)၊ ချစ်ထူး (ဖမ်းဆီးရမိ)၊ မဖြိုးဖြိုးဝေ (ဖမ်းဆီးရမိ)၊ တရုတ်နိုင်ငံသား GAO FENGYING (ကောင်းဖိန်းရင်) (ဖမ်းဆီးရမိ)၊ တရုတ်နိုင်ငံသား LIN JIAN နှင့် ၎င်း၏မိခင်ဖြစ်သူ LI MANFEN (ဖမ်းဆီးရမိ)တို့ ရှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းများဖြစ်သည့် တံတားဦးမြို့နယ် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၃/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈ (က)/၄၄ ဖြင့်လည်းကောင်း၊ တံတားဦးမြို့နယ် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၄/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၂၆၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၂၆၁/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်၊ တာချီလိတ်မြို့နှင့် လွိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

**ပြင်ဦးလွင်မြို့နယ်၊ တာချီလိတ်မြို့နှင့် လွိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) တောင်ကျောင်းကြီးလမ်း၌ မသင်္ကာဖွယ်တွေ့ရှိသူ မလှရီ (ခ) အေးနောင့်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ ၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဘိုးနေဒွန်းကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာအနီး၌ စိုင်းခွန်လင်း(ခ)အိုက်လျှန်း(ခ)စိုင်းလျှန်းအား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ မော်တော်ဆိုင်ကယ် တစ်စီးနှင့် အတူလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်း ရပ်ကွက်၌ လော်ဖျောင်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် စိုင်းဝမ်းဆိုင် မောင်းနှင်ပြီး မောင်မောင်လှ၊ ငြိမ်းခိုင်၊ စိုင်းထွန်းခေါင်နှင့် မချယ်ရီတို့ လိုက်ပါလာသော TOYOTA CROWN မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၆ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မချယ်ရီ၊ ငြိမ်းခိုင်၊ စိုင်းဝမ်းဆိုင်၊ မောင်မောင်လှနှင့် စိုင်းထွန်းခေါင်တို့ကို သိမ်းဆည်းရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (စတုတ္ထအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၁၀ နာရီက နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် နမောတဿအစချီသော ဗုဒ္ဓဝန္ဒနာဂါထာတော်ဖြင့် အခမ်းအနားဖွင့်လှစ်ပြီးနောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့၍ တောင်ကြီးမြို့ အေးစေတီဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နောင်တောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်ထံမှ ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်က သာသနာတော်ဆိုင်ရာလှူဖွယ်ပစ္စည်းများ ဆိုင်ရာလျှောက်ထားပြီး တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက်ခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် ရဟန်း၊ သာမဏေ၊ သီလရှင် ဖြေဆိုနေမှုအား ဖူးမြော်ကြည်ညိုသည်။

ဟိုပုံးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် ဥပစာတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်းရဟန်း၊ သာမဏေ၊ သီလရှင်အပါး၂၉၀၊ ပထမအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁**

“ချစ်စရာ့အရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ နိုဝင်ဘာ ၂ ရက်၊ **(စနေနေ့)** နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၂) မူလတန်းကြိုကျောင်းနှင့် အမှတ်(၄) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ဆက်လက်ထုတ်လွှင့် ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည့်အပြင် နိုဝင်ဘာ ၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ် သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၃၀ ရက်က လယ်ဝေးမြို့နယ်သမဝါယမအသင်းစု၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစု (လီမိတက်) ဥက္ကဋ္ဌက အမှာစကားပြောကြား ပြီး နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သမဝါယမလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ၊ အသင်း၏ဘဏ္ဍာရေးအစီရင်ခံစာများကို ဖတ်ကြားအတည်ပြုသည်။ ထို့နောက် အမှုဆောင်ဒါရိုက်တာအဖွဲ့ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်သည်။ **သတင်းစဉ်**



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

PREMIER LEAGUE GAME WEEK – 10



| ပရီမီယာလိဂ် ပွဲစဉ် (၁၀) | |
|---|---|
| ၂-၁၁-၂၀၂၄ | စနေနေ့ |
| ကာဆယ် – အာဆင်နယ် | ည ၇း၀၀ |
| ဘုန်းမောက် – မန်စီးတီး | ည ၉း၃၀ |
| အစ်ဆွစ် – လက်စတာ | ည ၉း၃၀ |
| လီဗာပူး – ဘရိုက်တန် | ည ၉း၃၀ |
| ဖောရက်စ် – ဝက်စ်ဟမ်း | ည ၉း၃၀ |
| ဆောက်သမ်တန်–အဲဗာတန် | ည ၉း၃၀ |
| ဝုဖ် – ပဲလေ့စ် | နံနက် ၁၂း၀၀ |

# ခံစစ်အားသာတဲ့ လီဗာပူးကို ကာရာဘောင်ဖလား ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားလာမယ့် ဘရိုက်တန်

■ မိုးဇက် - သုံးသပ်သည်

## နယူးကာဆယ် VS အာဆင်နယ်

နယူးကာဆယ်က ပရီမီယာလိဂ် နောက်ဆုံးငါးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘဲ နှစ်ပွဲသရေနဲ့ သုံးပွဲရှုံးရလဒ် ရရှိထားတယ်။ ပြိုင်ဘက် အာဆင်နယ်ကလည်း နောက်ဆုံးပရီမီယာလိဂ်နှစ်ပွဲဆက် နိုင်ပွဲ ပျောက်ဆုံးထားတယ်။ နယူးကာဆယ်ရော အာဆင်နယ်ပါ လိဂ်နိုင်ပွဲ ပြန်လည်ရှာတွေ့ဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ နယူးကာဆယ်ရဲ့ မာကျောကျစ်လျစ်တဲ့ ကစားဟန်ကြောင့် အာဆင်နယ်အသင်း အခက်တွေ့နိုင်သော်လည်း နိုင်ပွဲရလဒ် ဖော်ဆောင်သွားဖွယ်ရှိတယ်။

## ဘုန်းမောက် VS မန်စီးတီး

မန်စီးတီးအသင်းက ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလား ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ပြင်ဆင်လာမှာပါ။ ဘုန်းမောက်အသင်းရဲ့ ခြေစွမ်းက သာမန်ရှိပြီး မန်စီးတီးအသင်းရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခွင့် ရဖို့ နိုင်ပွဲရရေး ဦးတည်လာမယ့် မန်စီးတီးအသင်းကို ပုံမှန်ခြေစွမ်း ပြသနိုင်ဖို့ ရုန်းကန်နေရတဲ့ ဘုန်းမောက်အသင်း အနိုင်ယူကျော်ဖြတ်ဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဘုန်းမောက်အသင်းအနေနဲ့ မန်စီးတီးကို အမြင့်ဆုံး သရေသာရမယ်။

## အစ်ဆွစ် VS လက်စတာ

အစ်ဆွစ်က ပွဲစဉ် (၉) ပြီးတဲ့အထိ နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ လက်စတာကလည်း နောက်ဆုံးပြိုင်ပွဲစုံ နှစ်ပွဲမှာ ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ လက်စတာအသင်းမှာ အားထားရတဲ့ ဗာဒီ၊ ဖာကွန်ဒို၊ ဂျက်စတင်၊ အင်ဒီဒီတို့ရှိပေမယ့် သွင်းဂိုးရရှိရေးပိုင်းမှာ ခက်ခက်ခဲခဲ ရုန်းကန်နေရတာ တွေ့ရတယ်။ ခံစစ်အဆိုးရွားဆုံးအသင်းထဲပါဝင်နေတဲ့ အစ်ဆွစ်က ပထမဆုံးလိဂ်နိုင်ပွဲရရှိရေး ကြိုးပမ်းလာမှာ ဖြစ်တာကြောင့် လက်စတာ ရုန်းကန်ရနိုင်တယ်။ တိုက်စစ်ပိုင်းသာလွန်မှုရှိတဲ့ လက်စတာထက် အစ်ဆွစ်ရဲ့ ရုန်းအားကို ကြည့်ရမယ်။

## လီဗာပူး VS ဘရိုက်တန်

ကြားရက်မှာ ဒီနှစ်သင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလား ပြိုင်ပွဲမှာ လီဗာပူးအသင်းက အကြိတ်အနယ်ကစားပြီး အနိုင်ရရှိထားတယ်။ ဒါကြောင့် ဘရိုက်တန်က အဆိုပါရှုံးနိမ့်မှုကို ချေဖျက်ဖို့ ခြေကုန်ထုတ်လာ သေချာတယ်။ လီဗာပူးအသင်းကလည်း ရမှတ်ဆုံးရှုံးမှုမဖြစ်စေဖို့ နိုင်ပွဲဆက်ရဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ လီဗာပူးအသင်းက ဒီရာသီမှာ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာတဲ့ အသင်း နိုင်ပွဲရမယ်။

## ဖောရက်စ် VS ဝက်စ်ဟမ်း

ဖောရက်စ်အသင်းက ဒီရာသီမှာ ခြေစွမ်းကောင်းပြသထားနိုင်တဲ့ အသင်းဖြစ်တယ်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းကလည်း ထိုက်သင့်တဲ့ ခြေစွမ်းပြသထားနိုင်ပြီး အရေးပါတဲ့နိုင်ပွဲအချို့ကို ဖော်ဆောင်ထားနိုင်တယ်။ ဖောရက်စ်မှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် တိုက်စစ်ကစားသမား ခရစ္စဝုဒ်ရှိပြီး လိဂ်ကိုးပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူပေးထားနိုင်တယ်။ ဝက်စ်ဟမ်းအသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် အသင်းခေါင်းဆောင် ဘိုဝင်ရှိပြီး ကိုးပွဲမှာ နှစ်ဂိုးဖန်တီးကာ သုံးဂိုးသွင်းယူပေးထားတယ်။ ဝက်စ်ဟမ်းအသင်းထက် ဖောရက်စ်အသင်း ရလဒ်ကောင်းရဖွယ်ရှိတယ်။

## ဝုဖ် VS ပဲလေ့စ်

ဝုဖ်အသင်းက ပေးဂိုး ၂၅ ဂိုးနဲ့ ခံစစ်အဆိုးရွားဆုံးအသင်းဖြစ် ရပ်တည်နေသော်ငြား တိုက်စစ်ပိုင်းမှာ ပဲလေ့စ်အသင်းထက် သာလွန်နေတာ တွေ့ရတယ်။ ပဲလေ့စ်အသင်းက ဝုဖ်အသင်းထက်မှာ ရပ်တည်နေပေမယ့် တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် နိုင်ပွဲရရေး ပြင်ဆင်လာမှာ သေချာတယ်။ တန်းဆင်းဇုန်အတွင်းကျရောက်နေတဲ့ ဝုဖ်အသင်းကလည်း ပထမဆုံးလိဂ် နိုင်ပွဲရဖို့ အသင်းကိုအကောင်းဆုံးပြင်ဆင်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ မည်သို့ပင်ဆိုစေ ပဲလေ့စ် အသင်းထက် ဝုဖ်အသင်းရဲ့ ရုန်းအားကို ကြည့်ရမယ်။

# AFC Challenge League အုပ်စု (D) နောက်ဆုံးပွဲ ရှမ်းယူနိုက်တက် - တိုင်နန်စီးတီးအသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၄ AFC Challenge League ပြိုင်ပွဲ အုပ်စု (D) နောက်ဆုံးနေ့ဖြစ်သည့် မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်နှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

### ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရ

ရှမ်းယူနိုက်တက်အသင်းနှင့် တိုင်နန်စီးတီးအသင်းသည် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (D)တွင် ရှမ်းယူနိုက်တက်နှင့် တိုင်နန်စီးတီးအသင်းသည် သုံးမှတ်စီရထားပြီး ထိပ်တိုက်မတွေ့ဆုံမီကတည်းက ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရထားကာ ယခုတွေ့ဆုံမည့်ပွဲတွင် အုပ်စုပထမနေရာအတွက်သာ ကစားရမည်ဖြစ်သည်။ ဂိုးကွာခြားချက်အသာရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် အုပ်စု ပထမနေရာ ရယူနိုင်မည်ဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဟီရို။

### အားသာချက်၊ အားနည်းချက် ရှာဖွေထား

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဟီရိုက "တိုင်နန်စီးတီးနဲ့ပွဲက ခက်ခဲမယ့်ပွဲပါ။ တိုင်နန်စီးတီးအသင်း ကစားသမားတွေက ကြံ့ခိုင်မှုကောင်းတယ်။ အမြင့်ဘောတွေ သုံးတတ်တယ်။ သူတို့ပွဲစဉ်ကိုကြည့်ပြီး သေသေချာချာ နည်းစနစ်သုံးသပ်မှု ပြုလုပ်ထားပြီးပါပြီ။ ကျွန်တော်တို့ ကစားသမားတွေကိုလည်း ယုံကြည်မှုရှိပါတယ်။ တိုင်နန်စီးတီးအသင်းနဲ့ပွဲအတွက်အသင့်ဖြစ်နေပြီလို့ ပြောလို့ရပါတယ်" ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း အသင်းခေါင်းဆောင် နန္ဒကျော်က "ကျွန်တော်တို့တစ်သင်းလုံး မနက်ဖြန်အတွက် အသင့်ဖြစ်နေပါပြီ။ သူတို့ပွဲကိုလည်း ကြည့်ထားပြီး အားသာချက်၊ အားနည်းချက် ရှာဖွေထားပါတယ်။ သူတို့က အရပ်အမောင်းမြင့်မားပြီး ခွန်အားရှိတယ်၊ မြန်တယ်။ ကျွန်တော်တို့ကလည်း ယုံကြည်မှုရှိထားပြီးသားဖြစ်တယ်။ ပရိသတ်တွေ စိတ်ကျေနပ်ရအောင် တစ်သင်းလုံးကြိုးစားကစားပါမယ်" ဟု ပြောကြားခဲ့သည်။

### အနိုင်ကစားဖို့ ရည်ရွယ်ထား

တိုင်နန်စီးတီးအသင်းနည်းပြချုပ် ရာဖေးလ်က "နှစ်သင်းစလုံးအတွက် မနက်ဖြန်က ခက်ခက်ခဲခဲကစားရမှာပါ။ ရှမ်းယူနိုက်တက်အသင်းမှာ မြန်မာ့လက်ရွေးစင်ကစားသမားတွေရှိသလို နေရာစုံကစားနိုင်တဲ့ ကစားသမားတွေ အများကြီးရှိတယ်။ ရှေ့၊ လယ်၊ နောက်၊ တောင်ပံတွေ စသဖြင့် နေရာပြောင်းပြီး ကစားနိုင်ကြတယ်။ ကျွန်တော်တို့လည်း ပြိုင်ဘက်ကို နည်းစနစ်သုံးသပ်မှုတွေ လုပ်ထားပါတယ်။ အုပ်စုပွဲတွေအားလုံး အနိုင်ကစားဖို့ ရည်ရွယ်ထားတာကြောင့် မနက်ဖြန်မှာလည်း အနိုင်ရဖို့ပဲ အာရုံစိုက်မှာပါ"ဟု ပြောကြားခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လျာထားလုပ်ငန်းများပြုစုရေး လုပ်ငန်းညှိနှိုင်း

**ဟားခါး နိုဝင်ဘာ ၁**

ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားလုပ်ငန်းများ ပြုစုတင်ပြနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

ဦးစွာ ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများ လျာထားရာတွင် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လျာထားဆောင်ရွက်နိုင်မှုကို စံထား၍ မနည်းလွန်း၊ မများလွန်းသည့်ပမာဏဖြင့် လျာထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားရေးလုပ်ငန်းများနှင့် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နမ့်စန်မြို့နယ် လွယ်ဆိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်

**နမ့်စန် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာကေမျာမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ် လမ်း၊တံတားများ ဖောက်လုပ်လျက်ရှိသည်။



လွယ်ဆိုင်းကျေးရွာ၌ အရှည် ၃ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား ၂ ပေ၊ သဲဖြန်း ထု ကိုးလက်မ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ တံတားနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် ဝန်ထမ်းများက အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။(ဝဲပုံ)

အဆိုပါ လုပ်ငန်းများကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၆၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများ အားလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ JJJ

# စစ်ကိုင်းမြို့နယ်၌ VDP စီမံကိန်းကျေးရွာများ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် VDP စီမံကိန်းကျေးရွာများဖြစ်သော ချောင်းပေါက်ကျေးရွာ၊ ပေါက်တောကျေးရွာ၊ ခိုတောင်ကျေးရွာ၊ မြေတိုင်ကျေးရွာတို့၌ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။(အောက်ပုံ)

အဆိုပါ လမ်းအရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းနေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ သတ်မှတ်စံချိန်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ညောင်ရွှေမြို့နယ် ရေဘေးသင့်ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေ

**ညောင်ရွှေ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ညောင်ရွှေမြို့နယ်ရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရွေ့လျားရေသန့်စင်စက်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။



ညောင်ရွှေမြို့နယ် အင်းဦးကျေးရွာရှိ ကျေးလက်နေပြည်သူများအား ရွေ့လျားရေသန့်စင်စက်ဖြင့် ဂါလန် ၁၀၀၀၊ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးနေမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃၁ ရက်က ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ရွှေမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် အင်းဦးကျေးရွာအပါအဝင် အခြားကျေးရွာများ၊ ရပ်ကွက်များတွင် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရွေ့လျားရေသန့်စင်စက်ဖြင့် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့အထိ ရေဂါလန် ၁၅၅၈၀၀၀ အထိ ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ဆောင်းနေကြာပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ဧက ၁၅၀ အတွက် မျိုးစေ့၊ သွင်းအားစုများထောက်ပံ့

**ပျော်ဘွယ် နိုဝင်ဘာ ၁**

ပျော်ဘွယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းနေကြာ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ဧက ၁၅၀ အတွက် မျိုးစေ့၊ သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းနှင့် သစ်စိမ်း မြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်က ချင်းယားကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးညိမ်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မျိုးစေ့နှင့် သွင်းအားစုများကို နေကြာစိုက်တောင်သူများထံသို့ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ တောင်သူ ဦးမောင်မြင့်၏ လယ်မြေ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ထောက်ပံ့သည့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

မောင်မွေး



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



သာစည်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ရွှေတုတ်ကုန်း - ညောင်ကုန်းလမ်းပြုပြင်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## သစ်ပင်နည်းလာ တို့ကမ္ဘာ
## လွန်စွာပူအေး ဥတုဘေး

## ကျောက်တန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**ကျောက်တန်း နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို တောင်သူဦးဝင်းမြင့် ပိုင်ဆိုင်သော နှစ်ဧကရှိ စိုက်ခင်း၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီး အရာရှိ ဦးမျိုးသန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ တောင်သူများ တက်ရောက်ကြပြီး တစ်ဧကလျှင် စပါးအစို ၁၀၇ ဒသမ ၆၇ တင်းနှင့် အခြောက် ၉၇ ဒသမ ၆၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရစည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၂၀)

လပွတ္တာမြို့နယ်တရားရုံးတော်

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၂

ဦးဝင်းရွှေ နှင့် ၁။ ဦးမိုးအောင်
၂။ ဒေါ်ဇင်ပွင့်ဖြူ
၃။ ဒေါ်ဇင်မိုးမိုးအောင်
၄။ မမိုးမိုးအောင်
၅။ မဝသုန်မိုး
၆။ မမေမီထွန်း
၇။ ဦးရွှေဖုန်း
(တရားလို) (တရားပြိုင်များ)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ညောင်လိန်အုပ်စု၊ အောက်ကုန်းကျေးရွာ၊ (၆)ရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိသူ) ဦးမိုးအောင်၊ ဒေါ်ဇင်မိုးမိုးအောင်နှင့် ကရင်ပြည်နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ မြဝတီမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) မမိုးမိုးအောင်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးဝင်းရွှေက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇာခြည်လှိုင်)
မြို့နယ်တရားသူကြီး
လပွတ္တာမြို့နယ်တရားရုံး

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ညအချိန် တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ် စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၈) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဃ - ၅၄၃၁၄၀ ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ခ - ၉၈၂၅၂၃ ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ဃ - ၉၇၇၂၂၉ ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဆ - ၂၀၉၅၉၀ စ - ၄၈၁၅၇၇
က - ၂၃၅၇၃၃ က - ၇၉၈၂၉၇

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ဈ - ၂၃၁၇၈၈ င - ၈၈၁၈၉၃
င - ၅၂၆၃၂၉ င - ၉၀၉၁၈၃
ဈ - ၆၄၀၄၆၀ ဆ - ၉၁၄၆၆၉

ကံထူးရှင်(၆)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

စ - ၁၀၈၂၄၇ င - ၄၆၉၅၆၃ ခ - ၇၂၅၄၇၂
ဈ - ၃၈၆၆၃၆ ဈ - ၆၀၃၂၁၉ စ - ၉၆၉၆၁၇
င - ၄၅၁၈၁၅ ဆ - ၆၅၁၈၀၁ ဂ - ၉၉၈၄၄၇
ခ - ၄၆၈၈၇၆

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

ဃ - ၁၂၁၆၇၆ ဆ - ၃၃၈၁၈၂
စ - ၁၅၉၂၅၃ ခ - ၄၉၄၈၁၄
ခ - ၁၈၆၄၀၂ စ - ၆၀၆၈၈၁
ဈ - ၁၉၇၄၈၈ ဂ - ၈၂၃၄၉၇
စ - ၂၀၇၇၄၇ ဆ - ၈၉၅၈၃၈
ခ - ၂၆၉၉၈၀ ဆ - ၈၉၈၃၉၁
ဈ - ၂၇၈၀၆၂

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

က - ၁၂၇၈၁၇ င - ၄၉၉၆၀၂ ဇ - ၇၃၈၈၃၇
စ - ၁၄၆၀၇၄ ဃ - ၅၁၅၆၇၅ က - ၈၂၆၉၁၆
ဂ - ၁၈၀၈၃၀ က - ၅၂၃၀၈၄ ခ - ၈၉၆၁၈၆
ဈ - ၂၆၂၃၉၄ ခ - ၅၆၉၁၆၅ င - ၈၉၈၃၈၇
ဃ - ၃၆၄၆၇၃ ဆ - ၇၂၃၉၈၁ ဆ - ၉၃၄၅၀၉
စ - ၄၅၈၉၃၃

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဇ - ၁၃၅၆၅၆ ဂ - ၆၃၆၁၄၆
ဂ - ၁၅၉၁၄၃ ခ - ၆၄၃၇၀၆
ခ - ၁၈၅၄၁၃ ခ - ၆၄၈၄၆၈
ခ - ၂၇၃၅၄၈ ဃ - ၆၆၀၈၆၁
ခ - ၂၇၄၁၄၈ စ - ၈၃၇၉၇၆
င - ၅၆၈၄၆၅ ခ - ၈၅၅၆၀၇
က - ၅၈၅၄၂၇ ခ - ၈၈၃၆၅၄
င - ၆၀၆၉၃၃

ကံထူးရှင်(၁၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ဂ - ၁၃၈၉၄
ဆ - ၄၁၅၀၅
ဇ - ၉၆၆၇၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

ခ - ၂၀၈၉
စ - ၂၃၄၆
င - ၃၅၀၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၂)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်**

စ - ၁၉၉ ခ - ၆၀၆ ခ - ၇၅၄
ဈ - ၅၁၈ ဂ - ၆၅၂ က - ၈၄၈
ဈ - ၆၀၁ ဆ - ၆၆၁ ဃ - ၈၉၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၅၂၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်**

က - ၂၅ ဂ - ၄၆ စ - ၄၈

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

င - ၁

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၃)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဈ - ၂၇၆၃၅၄ ခ - ၇၉၈၉၇၂
ဂ - ၆၆၉၂၈၁ င - ၈၅၄၀၂၆

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

စ - ၂၅၉၁၃ င - ၃၂၃၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ဃ - ၂၇၇၄ ခ - ၃၀၆၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

က - ၅၆၇ ခ - ၉၄၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၂၇)ဦး

၁။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၆၁၂၃)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၆၁၂၃)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၄ - ၁၁ - ၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၃ - ၁၁ - ၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**
**တောင်ကြီးမြို့နယ်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၃၉**

ဒေါ်အိမ်မွန် နှင့် ဦးကံထူး(ခ)မျိုးညွန့်
တရားလို တရားပြိုင်

အမှတ်(၁၀၉/၆၄)၊ အမှတ်(၆)ရပ်ကွက်၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်နေ ဦးကံထူး(ခ)မျိုးညွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်အိမ်မွန်က အိမ်ခြံမြေကွက် အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀၊**
**တောင်ကြီးမြို့နယ်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၀**

ဒေါ်နန်းရှမ်းရှမ်းအောင် နှင့် ဗိုလ်ကြီးရဲမြင့်နိုင်(ငြိမ်း)
တရားလို တရားပြိုင်

အမှတ်(၁၀/၃၆)၊ ရပ်ကွက်(၃)၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်နေ ဗိုလ်ကြီးရဲမြင့်နိုင်(ငြိမ်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်နန်းရှမ်းရှမ်းအောင်က ပဋိညာဉ်အတိုင်းအိမ်ခြံမြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃၁) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဦးမြင့်သိန်း ၉/မတန(နိုင်)၀၆၁၃၀၆ အမည်ဖြင့် Mitsubishi Eclipse Cross မော်တော်ယာဉ်၏ မှတ်ပုံတင်ဝယ်ယူခွင့် ပါမစ် RON.C.S ယာဉ် ခတ်ပုံမူရင်းစာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၂၄၂၂၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- လေးဒေါင့်ကန်၊ မြေကွက်အမှတ်-၄၂၆ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ အဆောက်အအုံအမှတ်-၁၀၇၊ အခန်းအမှတ်-၆၀၂ ဟုခေါ်တွင်သည့် ပဉ္စမထပ် (၆လွှာ)၊ (တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၂ ½ ပေ x အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဒေါ်သက်မာဖူး (၅/ယမပ (နိုင်)၀၈၅၄၂၁)နှင့် ဦးလှပိုင်ဇော် (၇/ညလပ(နိုင်)၁၀၇၁၆၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိန္ဒြေကောင်း (၁၂/မဂတ(နိုင်)၀၈၉၅၈၁)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ- ဒေါ်အိန္ဒြေကောင်း (၁၂/မဂတ(နိုင်)၀၈၉၅၈၁)**

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးသူဇာအောင်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃)**
**ဒေါ်ကေခိုင်ညွန့်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၂)**
**အမှတ်-၇၇၊ ဦးပုညလမ်းနှင့် ဗိုလ်ကြာညွန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၈၅၆၁၅၇၄၊ ၀၉-၇၉၅၉၈၇၂၀၅**

## မြန်မာ-တရုတ်ပရဆေးဆိုင်
**(ယခင် မြန်မာနိုင်ငံတရုတ်တိုင်းရင်းသမားတော်များအဖွဲ့)**
**အစုရှယ်ယာရှင်များ၏ အပြီးသတ်အစည်းအဝေး**
**ဖိတ်ကြားခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၆၅၄ တွင် ဖွင့်လှစ်ခဲ့သော မြန်မာ-တရုတ်ပရဆေးဆိုင်နှင့်ပတ်သက်၍ အပြီးသတ်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အစုရှယ်ယာဝင်များအနေဖြင့် မိမိတို့ထည့်ဝင်ထားသော အစုရှယ်ယာလက်မှတ်မူရင်းများနှင့်တကွ လူကိုယ်တိုင် (သို့) ကိုယ်စားလှယ်စာ (သို့) တရားဝင်ဆက်ခံသူ တစ်ဦးဦးမပျက်မကွက်တက်ရောက်ပေးရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - (၉-၁၁-၂၀၂၄)ရက် (စနေနေ့)
**အချိန်** - ညနေ (၁၅:၃၀) မှ (၁၇:၀၀) နာရီ
**နေရာ** - "D Lounge Meeting Hall"
စန်းသော်တာမျက်စိဆေးရုံ (စံပြရုပ်ရှင်ရုံအနီး)
ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

**အမှုဆောင်အဖွဲ့**
**(ယခင်-မြန်မာတရုတ်ပရဆေးဆိုင်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ ကံဖြူကျေးရွာအုပ်စု၊ ကွင်းအမည်နှင့်အမှတ်(၂၇၅၃)၊ (ကုန်းဘောင်တိုးချဲ့ကွက်သစ်)၊ ဦးပိုင် အမှတ် (၆၁၁)၊ ဧရိယာ(၀.၃၄၁)ကေရှိမြေကို ဦးဝေဇင်အုံး၏အမည်ဖြင့် (၁၀-၁၂-၂၀၀၁)မှ (၉-၁၂-၂၀၁၁)ထိ (၁၀)နှစ် ပုဂ္ဂလိကမြေငှားဂရန်ရရှိထားပြီး ၎င်းနှင့် ဦးသိန်းဇော်တို့ ရွှေဘိုမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၁၇/၂၀၂၄)ဖြင့် ဂရန်မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပြီး ဦးသိန်းဇော်မှ အမည်ပြောင်း မြေငှားဂရန်အသစ် ချထားပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့ နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်း လုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

